# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၂၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၆

ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်၊ ဦးဇော်ဝင်း၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၂၂ ခုနှစ် မတ် ၁၄ ရက်မှ စတင်ကျင်းပခဲ့ရာ သုံးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ**

ပြည်တွင်းသတင်း စာ - ၆

**၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသားကျောင်းသူများ ထိုင်းနိုင်ငံ လေ့လာရေးခရီး သွားရောက်**

ပြည်တွင်းသတင်း စာ - ၇



မြန်မာ့အလင်း

# စည်းလုံးညီညွတ်သည့် နိုင်ငံတော်ကြီး

ဒုတိယကမ္ဘာစစ်ပြီးကာလ ကိုလိုနီအင်ပါယာကြီးများ တစ်ခုပြီးတစ်ခု လဲပြိုသွားကြခြင်းနှင့်အတူ တစ်ချိန်က နယ်ချဲ့တို့၏ လက်အောက်ခံနိုင်ငံများတွင် အမျိုးသားရေးစိတ်ဓာတ်များ မြင့်မားစွာလွှင့်ထူ၍ လွတ်လပ်သောနိုင်ငံများအဖြစ် ထူထောင်နိုင်ရန် ရုန်းကန်အုံကြွလာခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်ပွင့်လင်းစွာ စည်းရုံးဆော်သြမှုဖြင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု အမြင့်မားဆုံးတွင်ရှိခဲ့ကာ လွတ်လပ်ရေးကိုရယူရန် အသင့်ရှိနေခဲ့ကြသည်။

သို့ရာတွင် ထိုစဉ်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ကိုလိုနီလက်အောက်ခံဘဝတွင် နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခံခဲ့ရမှု၊ မဖြစ်မနေ လွတ်လပ်ရေးပေးရလျှင်ပင် နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာခွဲကာ တစ်ပိုင်းတစ်စ လွတ်လပ်ရေးအဖြစ်ပေးရန် နယ်ချဲ့အစိုးရအရာရှိများနှင့် ကိုယ်ကျိုးရှာနိုင်ငံရေးသမားအချို့၏ ကြိုးပမ်းမှုများကြောင့် တိုင်းရင်းသားခေါင်းဆောင်အချို့မှာ သံသယစိတ်ဖြင့် တွေဝေနေမှုများလည်း ရှိနေခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့ လန်ဒန်မြို့ အင်္ဂလိပ် - မြန်မာ ဆွေးနွေးပွဲတွင် နန်းရင်းဝန် မစ္စတာ အက်တလီ၏ ပြောကြားချက်အပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးအောင်ဆန်းက တုံ့ပြန်ပြောကြားရာတွင် “ကျွန်ုပ်တို့၏ နိုင်ငံအတွင်း၌ သဘောကွဲလွဲမှုများ မည်ရွေ့မည်မျှပင်ရှိ၍နေစေကာမူ ထိုသဘောကွဲလွဲချက်မှာ မပြောပလောက်ရုံသာမက ကျွန်ုပ်တို့တစ်နိုင်ငံလုံး၏ တစ်သံတည်းသော တောင်းဆိုချက်မှာ အနှောင်အဖွဲ့မှ လုံးဝကင်းလွတ်သည့် အချုပ်အခြာအာဏာပိုင် အခွင့်အရေးများပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ထိုအခွင့်အရေးများကို အမြန်ဆုံးရယူလိုသည်သာမက ထိုအခွင့်အရေးများရရှိရေးအတွက် ချက်ချင်းပြင်ဆင်မှုများပြုလုပ်ရန် လိုလားကြောင်း၊ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်သော မြန်မာပြည်ကြီး ပြန်လည်ထူထောင်လိုကြောင်းနှင့် ကျွန်ုပ်တို့သိရသမျှဆိုလျှင် ကျွန်ုပ်တို့၏ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံးကို လွတ်လပ်ရေးပေးပြီး ပြင်ပနိုင်ငံများ၏ ပယောဂမပါဘဲ တိုင်းရင်းသားအချင်းချင်း လွတ်လပ်စွာတွေ့ဆုံခွင့်ပေးမည်ဆိုပါက စည်းလုံးညီညွတ်သော နိုင်ငံကြီးအဖြစ် တည်ထောင်ရန် အခက်အခဲများရှိလိမ့်မည်မဟုတ်ကြောင်း” ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၇၅ နှစ်တာကာလက မသမာသူတို့ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ၎င်း၏ ကြားဖြတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးတို့မှာ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝရှိခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်ကြီးများဖြစ်ပြီး လူမျိုးနှင့်ကိုးကွယ်ရာဘာသာအစုံ ပါဝင်ခဲ့ကြသည်။ မှန်ကန်သော ဦးဆောင်မှု၏နောက်မှ စည်းလုံးညီညွတ်စွာ လိုက်ပါခဲ့ကြခြင်းဖြစ်ပြီး အကျိုးဆက်မှာ နိုင်ငံနှင့်လူမျိုးတို့ လုံးဝလွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

လွတ်လပ်ပြီးနောက် နှစ်ပေါင်း ၇၅ နှစ်ခန့် ကြာမြင့်လာခဲ့သည့် မျက်မှောက်ကာလတွင်မူ မိမိတို့နိုင်ငံသည် ထာဝရငြိမ်းချမ်းရေးရယူနိုင်ရန်အလို့ငှာ စည်းလုံးညီညွတ်ရေးကို တည်ဆောက်နေရဆဲဖြစ်ပြီး နှစ်ပေါင်းများစွာက စွဲထင်ခဲ့သည့် သံသယများနှင့် ပြင်ပ ပယောဂများကို ရှင်းလင်းနေရဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်းတစ်ပြေးညီ ငြိမ်းချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးမှုတို့ မညီမျှကာ ဆူကြုံနိမ့်မြင့် ကွာဟမှုတို့ကြောင့်လည်း “မငြိမ်းချမ်း၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ မငြိမ်းချမ်း” သံသရာကို တစ်ပတ်ပြီးတစ်ပတ် လည်စေကာ နိုင်ငံနှင့်လူမျိုးတို့ နိမ့်သထက် နိမ့်ကျလာစေသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျိုးဆက်သစ်တို့အတွက် ဆောင်ကြဉ်းနိုင်စေရန် ခေါင်းဆောင်ကြီးများ သွေးနှင့်ရင်း၍ တည်ဆောက်ခဲ့သည့် စည်းလုံးညီညွတ်မှုကို တန်ဖိုးထားနိုင်ကြပါစေကြောင်း။ ။

❖ ကျောဖုံးမှ

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂) ထွက်ပြီ

**နေပြည်တော် ဇူလိုင် ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **“သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂)”** စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတ ပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။

ယခု ၂၀၂၂ ခုနှစ်ထုတ် စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာ ကောက်နုတ်ချက်များ၊ မြန်မာရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အထွေထွေသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ် နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။




ယင်းစာအုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ ဇွန်လ၌ ထုတ်ဝေပြီး နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန် အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန် အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်ပါသည်။

**သတင်းစဉ်**

## မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီမြစ်အတွင်း ငါးကောင်ရေ ကိုးသိန်း မျိုးစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇွန် ၃၀ ရက်က မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသံချောင်းနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ ငါးသားဖောက်စခန်းလေးခုမှ နှစ်လက်မ အရွယ် ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၂၇၅၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၃၇၅၀၀၀ ၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၅၀၀၀၀ စုစုပေါင်း ၉၀၀၀၀၀ ကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ဧပြီ ၂၁ ရက်မှစ၍ ထုတ်ပေးထားပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ် ဒေတာများပြုစုရေး၊ ဒေတာအတွင်း ထည့်သွင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း အင်အား ၃၆၀၀ ကျော်၊ ကွန်ပျူတာအလုံးရေ ၃၀၀၀ ကျော်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းပူးပေါင်း လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် ဇွန် ၂၁ ရက်တွင် လက်ရေးမူဖြင့် ထုတ်ပေးထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ် ၅၁ သန်းကျော် စာရင်းကို ကွန်ပျူတာဒေတာအတွင်း ၂ လအတွင်း ထည့်သွင်းနိုင်ခဲ့ကြောင်း။

**လျင်မြန်စွာဆောင်ရွက်နိုင်မည်**

ဒုတိယအဆင့်အနေဖြင့် ပုံစံ ၆၆ / ၆ ပါ အချက်အလက်များအား ပုံစံ(၄) ရှိ စာရင်းများနှင့်တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် လုပ်ငန်းပြီးစီးမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အပြန်အလှန်စစ်ဆေးခြင်း ဆောင်ရွက်ရန် ရပ်ကွက်၊ ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိစစ်ခြင်းပြီးစီးမှသာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးထားသည့် National Data Base တွင် စာရင်းဇယားများ မှန်ကန်လုံခြုံစွာ ရောက်ရှိမည်ဖြစ်ကြောင်း၊ National Data Base Main Server တွင်ရှိနေသည့်အချက်အလက်များကို အသုံးပြု၍ သက်ဆိုင်ရာဌာနများအနေဖြင့် လိုအပ်သည့် အချက်အလက်စိစစ်ခြင်း လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆင့်(၂)နှင့် အဆင့် (၃)ပါ လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လွတ်လပ်ပြီး မျှတသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံသူ နိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

- ❖ **အဆင့်(၂)နှင့် အဆင့် (၃)ပါ လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရမည်**
- ❖ **သို့မှသာ လွတ်လပ်ပြီး မျှတသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲဖြစ်လာမည်**
- ❖ **သို့ဖြစ်၍ နိုင်ငံသူ နိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းတင်ပြစဉ်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက မဲစာရင်းများ မှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မဲစာရင်းမှန်ကန်စွာ ရရှိရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းအချက်အလက် ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆန်ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်တွင်း မွေးမြူရေးအစားအစာလိုအပ်ချက်များနှင့် ချိန်ညှိ၍ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်ရမည်

**နေပြည်တော် ဇူလိုင် ၆**

ဆန်ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက် ဖွံ့ဖြိုးစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ယနေ့ ဆွေးနွေးပွဲကို ဆန်ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်များနှင့် ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ ရောင်းချသည်အထိ လုပ်ငန်းစဉ် တစ်လျှောက်တွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်နေသူများအားလုံးအနေဖြင့် ကဏ္ဍတစ်ခုနှင့်တစ်ခုကို ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်တွင်း မွေးမြူရေးအစားအစာ လိုအပ်ချက်များနှင့် ချိန်ညှိ၍ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လက်ရှိကာလတွင် ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ ကုန်စည်အရည်အသွေး သတ်မှတ်ချက်၊ ဝယ်ယူမှုပုံစံအသစ်များ၊ တင်ပို့ရောင်းချမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ကဏ္ဍအလိုက် စိန်ခေါ်မှုများ ကြုံတွေ့လာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်းစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်း မွေးမြူရေးလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ချိန်ဆ၍ ပြည်ပတင်ပို့နေမှု၊ ဆန်ထွက်ပစ္စည်းများနှင့် တန်းမြင့်ဆန်များ ပြည်ပတင်ပို့မှု၊ ပို့ကုန်လိုင်စင်လျှောက်ထားမှုကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက် ကဏ္ဍအလိုက် လိုအပ်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း The Global New Light of Myanmar သတင်းစာတိုက်ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ သတင်းစာတိုက်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား The Global New Light of Myanmar သတင်းစာတိုက် အထွေထွေမန်နေဂျာ၊ စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ဝင်များက သတင်းစာအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲဖော်ဆောင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက The Global New Light of Myanmar သတင်းစာ၏ အနာဂတ်တွင် ပုံဖော်လိုသည့် အနေအထားကို ဆွေးနွေးပြီး ယခုထက် ပိုမိုကောင်းမွန်သည့် အနေအထားကို ရောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် သတင်းမှန်များကို ပြည်သူများထံ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိအောင် ဆောင်ရွက်နေသည့်အတွက် သတင်းများကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ စိတ်ဝင်စားဖွယ်ကောင်းအောင် ဖော်ပြပေးသွားရန် လိုကြောင်း၊ နိုင်ငံပိုင်မီဒီယာတစ်ခုအနေဖြင့် ပြည်သူလူထု၏ အခြေအနေမှန်ကို သုံးသပ်ပြီး သတင်းမှန်များရရှိခြင်းဖြင့် နိုင်ငံနှင့် ပြည်သူအတွက် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာတည်းဌာနနှင့် ပုံနှိပ်စက်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာရေးရာလေ့လာရေးအဖွဲ့နှင့် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်)၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း The Global New Light of Myanmar သတင်းစာတိုက်၌ စာတည်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အကြီးစားပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**သီဆိုဖျော်ဖြေမှု ရိုက်ကူးခြင်းအားကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio-1 တွင် Friday Night Show တင်ဆက်ရန် "သီချင်းဒိုင်ယာရီ" အစီအစဉ်ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိကြသည့် မြန်မာပြည်သိန်းတန်နှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သီဆိုဖျော်ဖြေမှု ရိုက်ကူးခြင်းအား ကြည့်ရှုအားပေးသည်။

**ပါဝင်သီဆိုဖျော်ဖြေ**

အဆိုပါ "သီချင်းဒိုင်ယာရီ" အစီအစဉ်အား ၂၀၂၂ခုနှစ် ဇူလိုင် ၈ ရက် သောကြာနေ့ည ၉နာရီခန့်တွင် MRTV HD မှ ထုတ်လွှင့်ပြသမည်ဖြစ်ရာ ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ စောဒယ်နီရယ်၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး သရုပ်ဆောင် နေဒွေးနှင့် သဥ္ဇာမြင့်မိုတို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခု အောင်မြင်မှုများကိုအခြေခံပြီး နောင်အဆင့်မြင့်မားသည့် ပညာရပ်များကို ဆက်လက်သင်ယူဆည်းပူး

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်း သား၊ သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၇) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးများဖြင့် အောင်မြင်သူများ ပိုမိုများပြားစွာ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရပြီး ယခုနှစ်တွင် ဂုဏ်ထူးရှင် စုစုပေါင်း ၁၆၉ ဦး ပေါ်ထွက်ခဲ့ပါကြောင်း၊ နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင်များ အမြဲတမ်း မပျက်မကွက် ပါဝင်လေ့ရှိသည့် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်း သား၊ သမီးများ၏ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်မှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။



ယခု အောင်မြင်မှုများကို အခြေခံပြီး နောင်အဆင့်မြင့်မားသည့် ပညာရပ်များကို ဆက်လက်သင်ယူဆည်းပူးသွားကြရန်နှင့် အရည်အချင်း ပြည့်ဝသည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် အနာဂတ်နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ရွှေတံဆိပ်ဆု၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပြီး(ဝဲပုံ) ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်ပွင့်ဖြူနှင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆုရကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ နံနက်စာအတူတကွ သုံးဆောင်သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူ ၇၂၉ ဦး ဝင်ရောက်ဖြေဆိုရာ ၃၉၂ ဦး အောင်မြင်သည့်အနက် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁၀ စုစုပေါင်း ၁၆၉ ဦး ၊ ရိုးရိုးအောင်မြင်သူ ၂၂၃ ဦးနှင့် အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၇၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးသင်တန်းဖွင့်

**ရွှေတောင် ဇူလိုင် ၆**

ရွှေတောင်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးသင်တန်းဖွင့်ပွဲကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးလင်းက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုး၊ အစာအာဟာရနှင့် ကူးစက်ရောဂါကင်းရှင်းမှုမှာ အဓိကအရေးကြီးသောအချက်ဖြစ်၍ ရွှေတောင်မြို့နယ်တွင် ယခုလို တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးသင်တန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး လေးရက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် တိရစ္ဆာန်များ၌ ဖြစ်ပွားကျရောက်တတ်သော ကူးစက်ရောဂါ အမျိုးအစားများ၊ ကူးစက်ရောဂါတစ်ခုချင်းအလိုက် ကြိုတင်ကာကွယ်တားဆီးရေးနည်းလမ်းများ၊ ကူးစက်ရောဂါဖြစ်ပွားကျရောက်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များကို ပြုစုကုသသည့် နည်းစနစ်များ၊ ဇီဝလုံခြုံရေးစနစ်များ စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း( ပြန်/ ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)ရှိ အားကစားသမားများ၏ စခန်းဝင်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော မျိုးဆက်သစ် အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပြေးခုန်ပစ် အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၂)၌ ဘောလုံး (အမျိုးသား/အမျိုးသမီး) အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ Training Hall (2)၌ လက်ဝှေ့အားကစားသမားများနှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုကို လည်းကောင်း၊ Training Hall (3) ၌ ဂျူဒိုအားကစားသမားများ၊ ကရာတေးဒိုအားကစားသမားများနှင့် တိုက်ကွမ်ဒို အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးပြီး နည်းပြဆရာများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။(ယာပုံ)

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ စားရိပ်သာတွင် (Youth Camp) မှ အားကစားသမားများ၏ နေ့လယ်စာစားသုံးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများအား အာဟာရနှင့် ညီညွတ်မျှတစွာ ချက်ပြုတ်ကျွေးမွေးရန်နှင့် နေထိုင်သွားလာစားသောက်မှုများတွင် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရန် ရည်ရွယ်၍ နေပြည်တော်၌ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) ကို ဖွင့်လှစ်၍ ပြေးခုန်ပစ်၊ ဘောလုံး၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘော အားကစားနည်းများတွင် အုပ်ချုပ်/နည်းပြ ၄၀၊ အားကစားသမား ၂၀၉ ဦး စုစုပေါင်း ၂၄၉ ဦးတို့ကို ၂၀၂၂ခုနှစ် ဇန်နဝါရီလမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဝါးစိုက်ခင်းများ တည်ထောင်နိုင်ရေးအတွက် ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စတုတ္ထအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "မျှစ်စိုက်ပျိုးထုတ်လုပ်ရေးတန်ဖိုး ကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ ကျေးလက်နေ အိမ်ထောင်စုများ၏ လူမှုဘဝဝင်ငွေရရှိနိုင်မှု မြှင့်တင်ပေးနိုင်ရေးဆိုင်ရာ စီမံကိန်း" ၏ လုပ်ငန်းအစီအစဉ်များ ထဲမှတစ်ခုဖြစ်သော အကျိုးဆောင်တောင်သူများသို့ ဝါးပျိုးပင် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အောင်သပြေကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က မျှစ်နှင့် မျှစ်ချဉ်ကဲ့သို့သော ဒေသထွက် စားသောက်ဖွယ်ရာများ၊ ဝါးအခြေခံ လက်မှုကုန်ချောများကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးနှင့် ဝင်ငွေတိုးတက်ရေး အလားအလာကောင်းများလည်း ရှိနေရာ ယခုကဲ့သို့ ဝါးစိုက်ခင်းများ တည်ထောင်နိုင်ရေးအတွက် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ထောက်ပံ့အားပေးခြင်းအပေါ် အကျိုးဆောင် တောင်သူများအနေဖြင့် လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ဝါးပျိုးပင်နှင့် ဓာတ်မြေဩဇာများကိုပေးအပ်ရာ အကျိုးဆောင်တောင်သူများက လက်ခံရယူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဝါးပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

ယနေ့ အခမ်းအနားတွင် ကျလို့ဝါးပျိုးပင် ၂၂၀၀ ကို အကျိုးဆောင် တောင်သူများထံ ပေးအပ်ပြီး လယ်ဝေးမြို့နယ် အောင်သပြေကျေးရွာနှင့် ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာများအတွက် တစ်ရွာလျှင် ဝါးစိုက်ခင်း ငါးဧကစာအတွက် ပျိုးပင်နှင့် သွင်းအားစုများ ထောက်ပံ့ထားကြောင်း သိရသည်။ လာမည့်နှစ် စိုက်ပျိုးရာသီများတွင်လည်း ဒေသနေပြည်သူများ ဝါးမျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရန် ပျိုးခြံတည်ထောင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင် နေပီယာမြက် စိုက်ပျိုး

**ဆင်ပေါင်ဝဲ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မိုးရာသီ တိရစ္ဆာန်အစာပင်များဖြစ်သည့် နေပီယာမြက်များ စိုက်ပျိုးခြင်းကို ယမန်နေ့နံနက်က ကျောက်ဆောင်စမ်းကျေးရွာအုပ်စု ကျောက်ဆောင်စမ်းကျေးရွာရှိ တောင်သူ ဦးဝင်းစိန်၏ မြေတစ်ကေ၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်အစာပင်ဖြစ်သည့် နေပီယာမြက်များ စိုက်ပျိုးပေးခြင်းကြောင့် တောင်သူများအနေဖြင့် ကျွဲ၊ နွားများ လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူရေးစနစ်အဖြစ် ပြောင်းလဲမွေးမြူပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အစာရှားပါးချိန်တွင် အာဟာရပြည့်ဝသောအစာအဖြစ် ကျွေးမွေးရန်၊ အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲကြရန်နှင့် နေပီယာမြက်များကို နွားစာအဖြစ် ကျွေးမွေးပါက အခြားသဘာဝမြက်များထက် လိုအပ်သော အာဟာရဓာတ်များ ပြည့်ဝစွာရရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဉာဏ်လင်းအောင်က ပြောကြားသည်။

အဆိုပါ နေပီယာမြက်စိုက်ပျိုးရာသို့ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးအရာရှိနှင့်ဝန်ထမ်းများ ကျေးရွာရှိတောင်သူများပူးပေါင်း၍ ကွင်းဆင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၆**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြသည်။

### ဂုဏ်ပြုကြိုဆို

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆို၍ တာချီလိတ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ဆိုင်းဘုတ်များကိုင်ဆောင် ကြိုဆို

နေပြည်တော်သို့ ရောက်ရှိလာသည့် အဆိုပါငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်းရှိ အုတ်စက်ရုံနှင့် ဟိုတယ်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဥတ္တရသီရိ ဇူလိုင် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု အမှတ် (၅၂) သစ်စက်ကျေးရွာတွင် တည်ရှိသည့် သစ်လွင်ကမ္ဘာ ရွှေပြည်တန်ကုမ္ပဏီ၏ အုတ်စက်ရုံအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် ဖိုးစောင်းတောင်ပေါ်ရှိ Mount Pleasant Hotel ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဇူလိုင် ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါစစ်ဆေးခြင်းတွင် နေပြည်တော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့၊ အဖွဲ့ခေါင်းဆောင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်၊ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေ၊ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်ကျော်၊ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင် ဦးမျိုးချစ်၊ အတွင်းရေးမှူး ရဲမှူးဝင်းလွင်တို့နှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကျော်စွာဟိန်း(ပြန်/ဆက်)**

---

## ပြည်သူအပေါင်း ချမ်းမြေ့ကြောင်း

❖ နှစ်ပေါင်းရှည်ကြာ၊ ဟိုရှေးခါက
ဟသ်ာကိုးသောင်း၊ ပျက်စီးကြောင်းကို
ကောင်းစွာသိအပ်၊ မြော်မြင်လတ်သော်
ဇာတ်တူသားကို၊ မစားလို၍
အို. . . သူငယ်ချင်း၊ နောင်ညီရင်းတို့
ချက်ချင်းအမှန်၊ ကိုယ့်ရပ်ဌာန်သို့
ပြန်လာစေရေး၊ ဖိတ်ခေါ်ပေးသည်
ငြိမ်းအေး မေတ္တာနှင့်တကား။

❖ အချို့တို့မှာ၊ နားလည်စွာလျှင်
မေတ္တာ လိမ်းကျံ၊ ကိုယ့်နိုင်ငံကို
ပြန်လည်ငြိမ်းအေး၊ တည်ဆောက်ရေးတွက်
ဆွေးနွေးထောက်ဆ၊ ရောက်လာကြသည်
ကောင်းစွ မင်္ဂလာပါတကား။

❖ အချို့တို့ကား၊ ဘေးစကားကို
သွေးသားထက်ပင်၊ အဟုတ်ထင်၍
အမြင်ဒွိဟ၊ သံသယကြောင့်
ကြံ့ဆတုံ့နှေး၊ ရှိနေသေးသည်
ဝေးနေဆဲသာပါတကား။

❖ အို...ပြည်ထောင်စုဖွား၊ ညီနောင်များတို့
မခြားမကွဲ၊ တစ်သားတည်းလျှင်
လက်တွဲညီကြ၊ စည်းလုံးကြလော့
သူက အဖြူ၊ ကိုယ်မူ အမည်း
ကွဲလွဲမာန်တင်း၊ ရန်ဖြစ်ခြင်းကား
ပြည်တွင်းအားသာ၊ လျော့ပါးရာတည့်
သာသာညင်ညင်၊ ကြောင်းကျိုးယှဉ်လျက်
အမြင်ထောင့်က၊ ဖြောင့်ပါကြစို့
တကွအတူ၊ ဆွေးနွေးယူလျက်
ပြည်သူအပေါင်း၊ ချမ်းမြေ့ကြောင်းကို
ကောင်းမြတ်စိတ်ဝမ်း၊ ဉာဏ်ရှေ့ပန်းလျက်
ငြိမ်းချမ်းနိုင်ကြပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံလေ့လာရေးခရီး သွားရောက်

နေပြည်တော် ဇူလိုင် ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးသည် ကြီးကြပ်သူ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြကာ မော်တော်ယဉ်များဖြင့် မြဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။**

ထိုမှတစ်ဆင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့ကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် Siam Paragon ရှိ Siam Ocean World သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။



ထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြဘုရားအား သွားရောက်ဖူးမြော်လေ့လာကြစဉ်။




ထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့ ASSUMPTION University ၌ သွားရောက်လေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်၍ Madame Tussauds Museum သို့ သွားရောက်လေ့လာကာ အဆိုပါပြတိုက်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် Holiday Inn Hotel သို့ ရောက်ရှိ ခေတ္တအနားယူကြပြီး Asiatique သို့ သွားရောက်လည်ပတ်ကြရာ Chao Phraya River Cruise စီး၍ မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

ထူးချွန် ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၅ ရက်တွင် ထိုင်းနိုင်ငံရှိ ASSUMPTION University သို့ သွားရောက်လေ့လာကာ ပတ္တရားကမ်းခြေသို့ ဆက်လက်သွားရောက်ပြီး ပတ္တရားကမ်းခြေတွင် အပန်းဖြေကြသည်။ ဆက်လက်၍ ပတ္တရားရေပေါ်ဈေးနှင့် တောင်ပေါ်ဘုရားများသို့ သွားရောက်လေ့လာခဲ့ကြသည်။ ယင်းနောက် ဘန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာ၍ Baiyoke Tower ပေါ်တွင် ဘန်ကောက်မြို့၏ ညရှုခင်းကို ကြည့်ရှုကြသည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအသီးသီးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပြည်ပနိုင်ငံ အတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိသည့် ဆေးတစ်လုံးလျှင် လူ ငါးဦး ထိုးနှံနိုင်သော Sinopharm ဆေးများကို ယနေ့တွင် ဆက်လက်ပို့ဆောင်ပေးရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ကာကွယ်ဆေး အလုံး ၈၄၀၀ နှင့် ဆေးထိုးအပ်အချောင်း ၇၀၄၀၀၊ ထားဝယ်မြို့သို့ ကာကွယ်ဆေး ၁၃၀၀ နှင့် ဆေးထိုးအပ်အချောင်း ၆၄၀၀ နှင့် ကော့သောင်းမြို့သို့ ဆေးထိုးအပ်အချောင်း ၁၉၂၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်းမှ နိုင်ငံတကာခရီးစဉ်သစ်များအဖြစ် ကူမင်းမြို့နှင့် အင်ချွန်းမြို့သို့ စတင်ပျံသန်းပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၆**

မြန်မာအမျိုးသားလေကြောင်းမှ နိုင်ငံတကာခရီးစဉ်သစ်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ စတင်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြန်မာအမျိုးသားလေကြောင်းရုံးချုပ်၌ ပြုလုပ်သည့် မိတ်ဆက်ပွဲမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းသည် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ဇူလိုင် ၄ ရက်မှစ၍ နှစ်ပတ်လျှင်တစ်ကြိမ်(တနင်္လာနေ့)နှင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ဇူလိုင် ၂၂ ရက်မှစတင်၍ နှစ်ပတ်လျှင်တစ်ကြိမ်(သောကြာနေ့)များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (Terminal 1) မှ Boeing 737– 800 လေယာဉ်ပျံများဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ကူမင်းသို့ ပြေးဆွဲသည့်ခရီးစဉ်၌ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် အောက်တိုဘာလတွင် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့မှ ထွက်ခွာပျံသန်းပြီး နေ့လယ် ၂ နာရီ မိနစ် ၄၀ တွင် ကူမင်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကူမင်းမြို့မှ ပြန်လည်ထွက်ခွာပြီး ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အလားတူ အင်ချွန်းသို့ ပြေးဆွဲသည့်ခရီးစဉ်၌ ဇူလိုင်လနှင့်အောက်တိုဘာလတွင် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မှထွက်ခွာပျံသန်းပြီး ည ၇ နာရီ ၂၅ မိနစ်တွင် အင်ချွန်းသို့ ရောက်ရှိမည်ဖြစ်သည်။ အင်ချွန်းမှ ည ၈ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး နောက်နေ့ ၀၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။




“ခရီးစဉ်သစ်မိတ်ဆက်ပွဲက နှစ်ပတ်လျှင်တစ်ကြိမ် တနင်္လာနေ့တိုင်း ရန်ကုန်-ကူမင်း-ရန်ကုန် ခရီးသည်လေယာဉ်ပြေးဆွဲမယ့် အစီအစဉ်တစ်ခုနဲ့ နောက်သောကြာနေ့၊ နှစ်ပတ်လျှင် တစ်ကြိမ် ဇူလိုင် ၂၂ ရက်မှာ ရန်ကုန်-အင်ချွန်း-ရန်ကုန်ကို ပျံသန်း ပြေးဆွဲမယ့် မိတ်ဆက်ပွဲဖြစ်ပါတယ်”ဟု မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ခုပ်ခန့်မုံက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လာမည့်အောက်တိုဘာဒုတိယပတ်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ ပျံသန်းပြေးဆွဲနိုင်ရေးနှင့် ရန်ကုန်-ဒူဘိုင်း-ရန်ကုန် ခရီးစဉ်ကို ပျံသန်းပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

**အာကာလင်း**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြသူများကို ရည်စူး၍ အမျှအတန်းပေးဝေခြင်းပြုလုပ်

**ရန်ကုန် ဇူလိုင် ၆**

ကိုဗစ် – ၁၉ ကာလအတွင်း ကွယ်လွန်သွားကြသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပျံလွန်တော်မူသွားကြသော ရဟန်းသံဃာတော်များ၊ ရှင်သာမဏေများ၊ ကျဆုံးသွားကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ စစ်မှုထမ်းဟောင်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများကို ရည်စူး၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် အမျှအတန်းပေးဝေခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၃၇၄) ကမ်းနားလမ်းမကြီးရှိ ဗဟိုခန်းမဆောင်၌ ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားသို့ အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြပြီး မော်ကျွန်းဆရာတော် အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တိလက္ခဏ္ဌာဘိဝံသထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# သထုံအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်၊ မာလာဖူးကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၄ ရက်တွင် သထုံအကျဉ်းထောင်နှင့် သထုံမြို့မရဲစခန်း အချုပ်ခန်းကို လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ဘားအံအကျဉ်းထောင်နှင့် ဘားအံမြို့မရဲစခန်း အချုပ်တို့ကိုလည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် မာလာဖူးကုန်ထုတ်စခန်းကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေလုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိမရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိမရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိမရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိမရှိ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ကုန်ထုတ်လုပ်နေမှု စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိမရှိ၊ ကုန်ထုတ်စခန်း လုပ်ငန်းခွင်အန္တရာယ် ရှိမရှိ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းသား / အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၉၀၀၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၆၂ အုပ်နှင့် Oxygen Regulator ခြောက်လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နယ်၌ ဆားငန်ခံ ဆင်းသွယ်လတ် မျိုးစေ့ထုတ်စပါးစိုက်ပျိုးခြင်း သရုပ်ပြ

**သနပ်ပင် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေငန်ဝင်ရောက်သည့် နေရာဒေသများတွင် ရေငန်ဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်စပါးများ သုတေသနပြုစိုက်ပျိုးထုတ်လုပ် ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအရ သနပ်ပင်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆားငန်ခံ ဆင်းသွယ်လတ်မျိုးစေ့ထုတ်စပါးစံပြ စိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ကမာဖရန်ကျေးရွာရှိ တောင်သူဦးစိုးမင်း၏ လယ်မြေ ခြောက်ဧက စိုက်ခင်း၌ ယမန်နေ့က ပြုလုပ်သည်။

သရုပ်ပြပွဲတွင် တက်ရောက်လေ့လာကြသည့် ဒေသခံတောင်သူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က ရေမြေသဘာဝနှင့် ကိုက်ညီသည့် ဆားငန်ဒဏ်ခံ မျိုးကောင်းမျိုးသန့်စပါးကို တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်စံပြစိုက်ခင်း စိုက်ပျိုးထုတ်လုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ကြူကြူမြင့်က ရာသီဥတုနှင့် ဒေသအလိုက် သင့်လျော်သော စိုက်နည်းစနစ်များဖြင့် စမ်းသပ်စိုက်ပျိုးသင့်သည့် အခြေအနေများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးညွန့်လွင်နှင့် ဝန်ထမ်းများက ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် ဆားငန်ခံစပါးမျိုး စိုက်ပျိုးသရုပ်ပြသခဲ့ပြီး ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် လုပ်သားအင်အားနှင့် အချိန်ကုန်သက်သာစေသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။



လယ်ယာလုပ်ငန်းခွင်တွင် ရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ လုပ်အားကုန်ကျမှု သက်သာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် ရင်းနှီးကျွမ်းဝင်စွာ အသုံးပြုတတ်လာစေရေး ရည်ရွယ်၍ သရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



# အုတ်ဖိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**အုတ်ဖို ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် စိမ်းလန်းရိုးမ အကွက်အမှတ် (၁၂)တွင် ကျင်းပသည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ ဒေသရာသီဥတု မျှတ ကောင်းမွန်စေရန်အတွက် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ ပျဉ်းမ၊ ခရေ၊ ကသစ်နှင့် မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၇၀၀ ကို ဟင်္သာဝတီဒေသ ပဲခူးတိုင်း ဒေသကြီး တောင်သူ လယ်သမားအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာခိုင်က အမှတ်(၆)ခြေမြန် တပ်ရင်းမှ တပ်ရင်းမှူး၏ဇနီး ဒေါ်အေးမြင့်ထွန်းနှင့် ဒေသခံတပ်ရင်း တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးအဖွဲ့များ၊ တောင်သူလယ်သမားများ၊ ကျောင်းသား ကျောင်းသူများသို့ ပေးအပ်ကာ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၃၅ | ၁၈၈၀ | ၁၈၇၅ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၀ | ၁၈၈၅ | ၁၈၆၅ | ၁၉၆၀ | ၁၉၇၅ | ၁၈၇၀ | ၁၈၈၀ | ၁၉၁၅ | ၁၉၁၅ | ၁၉၂၀ | ၂၁၃၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၂၀၀၀ | ၁၉၆၀ | ၂၀၀၀ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၂၆၀ | ၂၇၂၅ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၀၀ | ၂၉၁၅ |
| HSD (50 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၉၈၅ |
| HSD (10 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၄၁ | ၁၈၀၉ |
| 95 Ron | ၁၈၅၇ | ၁၉၂၈ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၃ |
| HSD (50 ppm) | ၂၁၁၉ | ၂၁၉၁ |
| HSD (10 ppm) | ၂၁၁၉ | ၂၁၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာပြည်သူများကို လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်း အကူအညီလိုအပ်သူများအတွက် လူမှုကရုဏာ အကူအညီများကို ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီလျက်ရှိရာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နှင့် ဆောမြို့များသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၅၃၀ အတွက် ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အဆိုပါ နေရာများသို့ သွားရောက်ကာ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် ကူညီထောက်ပံ့သည်။

**ပေးဝေထောက်ပံ့**

ထိုသို့ ကူညီထောက်ပံ့ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်သောအဖွဲ့သည် ဒေသတွင်း မငြိမ်မသက်ခြင်းကြောင့် ကျေးရွာပေါင်း ၇၈ ရွာတို့မှ ပေါက်မြို့ အောင်တော်မူရပ်ကွက်၊ အောင်တံခွန်ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်နှင့် ရွှေပေါက်ပင်ရပ်ကွက်တို့တွင် ယာယီနေထိုင်လျက်ရှိသော နေရပ်စွန့်ခွာ အိမ်ထောင်စု ၂၉၇ စု၊ လူဦးရေ ၁၂၀၉ ဦးတို့အတွက် ကနဦး အရေးပေါ်လိုအပ်ချက်များဖြစ်သည့် အစားအစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာ) ၂၉၇ စုံ၊ နှာခေါင်းစည်း (၅၀ ပါ) ၅၉၄ ဘူး၊ လက်သန့်ဆေးရည် (၁၀၀ မီလီ) ၈၉၁ ဘူး၊ မိသားစုသုံး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၂၉၇ ပုံး၊ အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၄၇၄ အိတ်၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၄၀၈ အိတ်၊ မိုးကာအင်္ကျီ ၁၀၀၅ ထည်၊ ကလေးမီးဖွားသန့်စင်သုံးပစ္စည်း ၁၄ ခု၊ မွေးကင်းစကလေးသုံးပစ္စည်း ၇၃ အိတ်၊ မီးဖိုချောင်သုံးပစ္စည်း ၅၇ ပုံး၊ တာပေါ်လင် ၃၅၄ ချပ်၊ လက်သမားသုံးအိမ်ဆောက်ပစ္စည်း ၅၇ အိတ်တို့ကို ပေါက်မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များကိုယ်တိုင် အိမ်ထောင်စုတစ်စုချင်းစီအလိုက် ပေးဝေထောက်ပံ့သည်။




ထို့ပြင် ဆောမြို့နယ် အညာကတင်းကျေးရွာနှင့် သီးကုန်းကျေးရွာရှိ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသော ယာယီခိုလှုံရာနေရာတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာ အိမ်ထောင်စု၁၆၉ စုနှင့် ဆောမြို့ပေါ်တွင် လာရောက်နေထိုင်သူ အိမ်ထောင်စု ၆၄ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၃၃ စု လူဦးရေ ၁၁၃၈ ဦးအတွက် ကနဦး အရေးပေါ်လိုအပ်ချက်များဖြစ်သည့် အစားအစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာ) ၂၀၃ စုံ၊ နှာခေါင်းစည်း (၅၀ ပါ) ၄၀၂ ဘူး၊ လက်သန့်ဆေးရည် (၁၀၀ မီလီ) ၅၇၁ ဘူး၊ မိသားစုသုံးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၂၀၃ ပုံး၊ အမျိုးသမီးတစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၃၈၇ အိတ်၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၃၈၃ အိတ်၊ မိုးကာအင်္ကျီ ၇၉၉ ထည်၊ ကလေးမီးဖွားသန့်စင်သုံးပစ္စည်း ၁၃ ခု၊ မွေးကင်းစကလေးသုံးပစ္စည်း ၇၈ အိတ်၊ မီးဖိုချောင်သုံး ပစ္စည်း ၂၀၃ ပုံး၊ တာပေါ်လင် ၄၃၆ ချပ်၊ အိမ်ဆောက် အထောက်အကူပြုပစ္စည်း ၉၂ အိတ်နှင့် ရပ်ရွာလူထုသုံး ရေစစ်အိုး (Community Lifestraw ) ခုနစ်ခု၊ လီတာ ၁၀၀၀ ဆံ့ ဖိုင်ဘာရေတိုင်ကီ ငါးလုံးနှင့် အရေးပေါ်ယင်လုံအိမ်သာ ကိုးလုံးတို့ကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။

အလားတူ ဇူလိုင် ၃ ရက်ကလည်း ကျောက်ထုမြို့ ယောမြို့ရှိ နေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းတွင် အသုံးပြုရန် ရပ်ရွာလူထုသုံး ရေစစ်အိုး (Community Lifestraw) နှစ်ခု၊ လီတာ ၁၀၀၀ ဆံ့ ဖိုင်ဘာရေတိုင်ကီ နှစ်လုံးနှင့် ယာယီခိုလှုံစခန်းတွင် မိသားစုများအခန်းများ သီးသန့်ကာရန်ခြင်းအတွက် တာပေါ်လင်ချပ် ၃၀ စသည့် ထောက်ပံ့ပစ္စည်းများကို ယာယီခိုလှုံရာစခန်းသို့ သွားရောက်ပေးဝေထောက်ပံ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ နေရပ် စွန့်ခွာပြည်သူများကို ဇူလိုင် ၅ ရက်တွင် အိမ်ထောင်စု ၂၀၀၊ လူဦးရေ ၈၀၈ ဦးအတွက် တစ်အိမ်ထောင်လျှင် တာပေါ်လင် တစ်ချပ်၊ စောင် တစ်ထည်၊ ခြင်ထောင် တစ်လုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံတို့နှင့်အတူ ကျောက်ကြီးမြို့ပေါ်ရှိ ဒေသခံပြည်သူများက လှူဒါန်းထားသည့် အဝတ်အစားများကို ထောက်ပံ့ပေးအပ်သည်။

**ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိ**

ဆက်လက်၍လည်း အကူအညီလိုအပ်နေသည့် ယာယီခိုလှုံရာစခန်းများနှင့် ကျေးရွာများမှ ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ ရေနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အခြားလိုအပ်သည့် ပစ္စည်းများကို ထောက်ပံ့ကူညီနိုင်ရေးအတွက် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Bullet News ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က မိမိအနေဖြင့် မေးခွန်းနှစ်ခုမေးမြန်းလိုကြောင်း၊ ပထမမေးခွန်းအနေဖြင့် ပထမအကြိမ် လွှတ်တော်ကာလတွင် မူဆယ်နှင့် မန္တလေးသွားသည့်လမ်းပေါ်တွင်ရှိသည့် ဂုတ်တွင်းကားလမ်းပေါ်၌ တံတားထိုးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့ရာ ဝန်ကြီးက မိမိကို စာဖြင့်အကြောင်းပြန်၍ ဖြေကြားခဲ့ကြောင်း၊ ကိုရီးယားကုမ္ပဏီနှင့် Survey လုပ်နေပါပြီဟု ပြောခဲ့ကြောင်း၊ အဆိုပါ လမ်းမှာ ယခုအချိန်တွင် အင်မတန်အရေးကြီးသည့် လမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်စည်စီးဆင်းမှုမှာ ထိုလမ်းကို အားကိုးအားထားပြုနေရကြောင်း၊ ထိုလမ်းပိတ်သွားမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကဲ့သို့သော အခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါ တံတားတည်ဆောက်မည့် အစီအစဉ်ကို ယခုနောက်ပိုင်းမှ ရပ်တန့်ခဲ့ခြင်း ဟုတ်၊ မဟုတ်နှင့် မည်ကဲ့သို့သော အခြေအနေရှိသည်ကို သိလိုခြင်းဖြစ်ကြောင်း၊ ဒုတိယမေးခွန်းမှာ ဒုတိယအကြိမ် NLD လွှတ်တော်ကာလတွင် တင်ပြခဲ့သည့် မီတာခကိစ္စဖြစ်ကြောင်း၊ မီတာခကောက်ခံရာတွင် အိမ်တစ်အိမ်၏ မီတာသုံးစွဲမှုနှင့် မီတာခမည်မျှကျသင့်သည်ကို မြို့နယ်လျှပ်စစ်ရုံးက သိမည်ဖြစ်ကြောင်း၊ ထို့နောက် အိမ်ပိုင်ရှင်၏ ဖုန်းထဲသို့ ၎င်း၏အိမ်က မီတာခမည်မျှကျသင့်သည်ကို ဖုန်းဖြင့် အကြောင်းကြားမည်ဖြစ်ကြောင်း၊ ပြီးနောက် မီတာသုံးစွဲသူကလည်း ဖုန်းဖြင့်တစ်ခါတည်း မီတာခပေးဆောင်လိုက်ကြောင်း၊ အင်မတန်ကောင်းသည့် အစီအစဉ်ဖြစ်ကြောင်း၊ ထိုအစီအစဉ်ကို NLD က ပယ်ချလိုက်သည်ဟု သိရကြောင်း၊ ယခုအချိန်တွင် မီတာကိုဖတ်၍ စာရွက်ဖြင့်လာပေးကြောင်း၊ တံခါးကြားတွင် ညှပ်ခဲ့ကြောင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ရံဖန်ရံခါတွင် မီတာစာရွက်များ ပျောက်ဆုံးသွားကြောင်း၊ ထိုအချိန်တွင် မီတာခပေးဆောင်ရန် သတ်မှတ်ကာလကို ကျော်လွန်သွားသဖြင့် ဒဏ်ကြေးဆောင်ရကြောင်း၊ ထိုကဲ့သို့ ဒဏ်ကြေးဆောင်ရသည့် ကိစ္စမှာလည်း ပြဿနာတစ်ရပ်ဖြစ်နေကြောင်း၊ ထို့ကြောင့် မီတာ Box များကို ယခင်လွှတ်တော်တွင်တင်ပြခဲ့သည့်အတိုင်း ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ ယခုလက်ရှိအသုံးပြုနေသည့် မီတာ Box များကို လျှပ်စစ်ရုံးမှ တစ်ပါတည်းစစ်ဆေးနိုင်သည့် မီတာ Box များနှင့် အစားထိုးတပ်ဆင်၍ မီတာခကျသင့်ငွေကို ဖုန်းဖြင့် ပေးဆောင်နိုင်သည့်စနစ်မျိုး အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ဂုတ်ထိပ်တံတား စီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အချို့ကိစ္စများကို ၎င်းတို့၏ Website တွင် တင်ထားကြောင်း၊ ပဏာမစီမံကိန်းဖြစ်သည့် လေ့လာဆန်းစစ်ချက်များကို ကိုရီးယားကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့သည်ဟု သိရကြောင်း၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှာ ကုမ္ပဏီတစ်ခုက BOT စနစ်ဖြင့် ဆောင်ရွက်နေသည်ဟုသိရကြောင်း၊ ဂုတ်ထိပ်တံတားစီမံကိန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ထိုကုမ္ပဏီက အဆိုပြုခဲ့ကြောင်း၊ ထိုအဆိုပြုချက်နှင့်ပတ်သက်၍ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန၏အကြံပြုချက်အရ တင်ဒါယှဉ်ပြိုင်ခြင်းနည်းဖြင့် တင်ဒါခေါ်ယူခဲ့ရာ လျှောက်လွှာတင်သွင်းသည့် ကုမ္ပဏီမရှိကြောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Website တွင်လည်း ကြေညာထားကြောင်း၊ ဂုတ်ထိပ်တံတားစီမံကိန်းကို ဆောင်ရွက်နေသည့် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီဖြစ်သည့် ထိုကုမ္ပဏီနှင့်သာ BOT စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်ရေး သဘောထားမှတ်ချက်များရယူ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနနှင့် အဆိုပါကုမ္ပဏီတို့အကြား ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး တံတားတည်ဆောက်ခွင့်ပြုရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း မူအားဖြင့် ခွင့်ပြုပြီးဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် စီမံကိန်းတန်ဖိုးအသေးစိတ်ကို ထပ်မံတွက်ချက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံနိုင်မည့် လုံလောက်သည့် ငွေကြေးရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားဦးစီးဌာနအနေဖြင့်လည်း ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ကုမ္ပဏီနှင့် စိစစ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ထိုကိစ္စများပြီးစီးပါက ဆက်လက်တင်ပြ၍ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိရေး ဆက်လက်ဆောင်ရွက်ပြီး စီမံကိန်းအကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တံတား၏တည်နေရာနှင့် ချဉ်းကပ်လမ်းများတွင် ပါဝင်နေသည့် မြေနေရာများအတွက် မြေနေရာ လျော်ကြေးများ အားလုံးနီးပါးပေးလျော်၍ မြေယာပိုင်ဆိုင်မှုကိစ္စများကို အားလုံးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တံတားပုံစံအတွက် အသေးစိတ် ဒီဇိုင်းပုံစံများကိုလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ စီမံကိန်းအမှန်တကယ် စတင်ဆောင်ရွက်သည့် အချိန်တွင် ပွင့်လင်းမြင်သာစွာဖြင့် အသိပေး၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မီတာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လုပ်ဆောင်နေကြောင်း၊ သတင်းထောက်ကြီး ပြောခဲ့သည့် အစီအစဉ်များကို လုပ်ဆောင်နေကြောင်း၊ အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးရန် မေတ္တာရပ်ခံပါကြောင်း ပြန်လည်ဖြေကြားသည်။



သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ မေးမြန်းရိုက်ကူးနေစဉ်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး** က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းဟုဆိုသည့် အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဓာတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဖြစ်သည့်အတွက် Losses ဟုဆိုတာ ရှိပါကြောင်း၊ အင်ဂျင်နီယာသဘောတရားအရ ပြောရမည်ဆိုပါက Technical Losses နှင့် Non-Technical Losses ဟူ၍ နှစ်ခုရှိကြောင်း၊ Technical Losses ကျဆင်းရေးအတွက် မိမိတို့အနေဖြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ မြို့နယ်များတွင် Transformer များ တိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ Non-Technical Losses အနေဖြင့်ကြည့်မည်ဆိုပါက မိမိတို့ဌာန၌ မီတာအလုံးရှစ်ရာအတွက် မီတာဖတ်စာရေးတစ်ဦးသာရှိကြောင်း၊ လူကိုယ်တိုင်သွားရောက် ဖတ်ရှုခြင်းဖြစ်သည့်အတွက် ဖတ်ရှုသူများ၏ လွဲမှားမှုကြောင့် Losses များလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ အခြားတစ်ခုမှာ လျှပ်စစ်မီးသုံးစွဲသူများ၏ မီတာဖတ်ရှုမှု မမှန်ကန်စေရန် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်မှုများဖြစ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်မှုများကြောင့် Losses များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါ Losses များကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့ဌာနအနေဖြင့် AMI ဟုဆိုသည့် Advanced Metering Infrastructure စနစ်ကို စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၉ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ပြီးစီးသည့် မြို့နယ်များတွင် ယခင်ကဓာတ်အား ပျောက်ဆုံးမှု ၁၄ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်အထိရှိနေရာမှ ယခုအချိန်တွင် ၆ ရာခိုင်နှုန်းခန့်သာ ရှိတော့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဓာတ်အားပျောက်ဆုံးမှု ၉ ရာခိုင်နှုန်းခန့် သက်သာခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါစနစ်တွင် ဓာတ်အားရောင်းချသူနှင့် ဓာတ်အားသုံးစွဲသူများအကြား ပွင့်လင်းမြင်သာမှုရှိကြောင်း။

ယခုစနစ်ကို အကောင်အထည်ဖော်ပြီးစီးပါက လျှပ်စစ်မီးသုံးစွဲသူများအတွက် Mobile Application တစ်ခုပေးမည်ဖြစ်ကြောင်း၊ ထို Application မှတစ်ဆင့် မိမိနေ့စဉ်သုံးစွဲနေသည့် ပမာဏနှင့် အချက်အလက်များကို လျှပ်စစ်မီးသုံးစွဲသူက ဖုန်းဖြင့် အချိန်မရွေး ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ရောင်းချသူဖြစ်သည့် မိမိတို့ဘက်မှလည်း မိမိတို့တပ်ဆင်ထားသည့် မီတာများအပေါ် မသမာမှုများ ပြုလုပ်မှု ရှိ၊ မရှိကို အချိန်မရွေး ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံတိုးချဲ့သည့် စီမံကိန်းအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မြို့နယ်အားလုံးတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ပျဉ်းမနား၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိမြို့နယ်များတွင် Advanced Metering Infrastructure စနစ်သုံး Smart Meter များကို တပ်ဆင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တပ်ဆင်ပြီးစီးပါက ဓာတ်အားသုံးစွဲသူများကို Application တစ်ခုပေးမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးစီးပါက ဖုန်းထဲမှတစ်ဆင့် လစဉ်မီတာကိုကြည့်နိုင်မည်ဖြစ်ကြောင်း၊ ကြွေးကျန် ရှိ/မရှိ သိနိုင်ကြောင်း၊ Mobile Application မှတစ်ဆင့် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်မှာ ကောင်းမွန်သည့်စနစ်တစ်ခုဖြစ်သည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး** က မိမိမေးမြန်းလိုသည့် မေးခွန်းမှာ အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပတ်သက်သည့် မေးခွန်းဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NUG က Online တွင် ကျောင်းများ ဖွင့်နေသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးဘက်တွင်လည်း ပြည်သူ့စစ်များဖြင့် ကာကွယ်နိုင်ခြင်းမရှိသည့် ကျေးရွာများတွင် NUG ကျောင်းဟုခေါ်၍ လုပ်ဆောင်နေခြင်းများရှိကြောင်း၊ NUG ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အတွက် အဆိုပါကျောင်းများကို ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်းမှာလည်း NUG မျိုးဆက်ကို မွေးထုတ်နေခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ NUG ကျောင်းဟု အမည်ခံထားသည့်ကျောင်းများကို မည်ကဲ့သို့ အရေးယူမည်၊ မည်သည့်ဥပဒေဖြင့် အရေးယူမည်၊ မည်သည့်အချိန်ခန့်တွင် အပြီးအပြတ်အရေးယူဆောင်ရွက်သွားမည်ကို သိလိုကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကို အထူးပြုပြောလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွန်းလှမြို့နယ်အတွင်း၌ ရေနံကလည်း အလွန်အမင်းထွက်နေကြောင်း၊ ရေနံမည်မျှထွက်သည်ကို ပြောရမည်ဆိုပါက *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ယခင်လက်ယက်တွင်းဟုခေါ်၍ လက်ဖြင့် ပင်ပင်ပန်းပန်း ခပ်ထုတ်ရသည့်တွင်းများမှာ ယခင်ကကဲ့သို့ ယက်ထုတ်ရန်မလိုတော့ဘဲ လျှံထွက်နေသည့်တွင်းများ၊ ဒေသအခေါ် (လျှံတွင်း) ဟုခေါ်သည့် တွင်းတစ်တွင်းမှ တစ်ရက်လျှင် ပီပါ ၉၀၀ မှ တစ်ထောင်ခန့်အထိ ထွက်ရှိကြောင်း၊ ထိုကဲ့သို့သော ကျင်းများမှာ အဆိုပါဒေသတွင် ကျင်း ၄၀၀ မှ ၅၀၀ ခန့်အထိ ရှိကြောင်း၊ ထိုကျင်းများကို PDF နှင့် KIA တို့က လက်နက်ဖြင့်ခြိမ်းခြောက်၍ ဝင်လာသည့် ကားများနှင့် ဆင်းသည့်ကားများကို ဆက်ကြေးကောက်ခြင်းတို့မှ နေ့စဉ်ဝင်ငွေသိန်းပေါင်းများစွာရရှိနေကြောင်း၊ ထို့ပြင် သဖန်းဆိပ်ဆည်အတွင်း၌လည်း ရွှေမျောပေါင်း ရာနှင့်ချီ၍ရှိနေကြောင်း၊ ထိုရွှေမျောများထံမှလည်း PDF နှင့် KIA တို့ကပင် ဆက်ကြေးများ ကောက်နေကြောင်း၊ တိုင်းပြည်အတွက် လောင်စာဆီကဏ္ဍအတွက် လိုအပ်ချက်ရှိ နေသည့် ယခုကဲ့သို့သောအချိန်မျိုးတွင် မိမိတို့ပြည်တွင်း၌ ထွက်ရှိနေသည့် သယံဇာတများကို ရယူသုံးစွဲနိုင်ခြင်းမရှိဘဲ အကြမ်းဖက်သမားများက ထိုသယံဇာတများကို လက်နက်ဖြင့် မိုးပြီးထုတ်ယူနေကြောင်း၊ ထို့ပြင် မိမိတို့၏ ရွာသူရွာသား အချင်းချင်း၊ တိုင်းသူပြည်သားအချင်းချင်း သတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း၊ ထိုအခြေအနေများကို ဝန်ကြီးတို့အနေဖြင့် အချိန်ကာလအားဖြင့် မည်သည့်အချိန်ခန့်တွင် ရှင်းလင်းသွားမည်နှင့် အဆိုပါ ရေနံများကို တိုင်းပြည်အတွက် မည်ကဲ့သို့ ရယူအသုံးပြုသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စာသင်ကျောင်းများနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် မကွေးတိုင်းဒေသကြီး မြောက်ခြမ်းတို့၌ စာသင်ကျောင်းများကို မည်မျှအထိ နှောင့်ယှက်ခဲ့သည်ဆိုသည်ကို ပြောရမည်ဆိုလျှင် စာသင်ကျောင်းများကို မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ၊ စာသင်ကျောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်းများကို ပြုလုပ်လာသည့်အပြင် ယခုနောက်ပိုင်းတွင် ပြည်ပမှ ထောက်ပံ့နေသည့် Drone များဖြင့် Drop Bomb ချ၍ တိုက်ခိုက်ခြင်းများအထိ ပြုလုပ်လာကြောင်း၊ မိမိတို့အနေဖြင့်လည်း ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ မကြာခဏ သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ထိုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ စစ်ရာဇဝတ်မှုဆိုသည်မှာ ၎င်းတို့အတွက် မဆန်းကြောင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကိုပင် သာမန်ကိစ္စကဲ့သို့သဘောထား၍ လုပ်ဆောင်နေကြသူများဖြစ်ကြောင်း၊ ကလေးများ စာသင်နေသည့်ကျောင်းကို စာသင်နေသည့်အချိန်မှာပင်လျှင် ယခုကဲ့သို့သော လုပ်ရပ်မျိုးကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ထိုလုပ်ရပ်မှာ စာသင်ကျောင်းများကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နေသော်လည်း ၎င်းတို့ကိုကြောက်ရသဖြင့် ၎င်းတို့၏စည်းရုံးမှုအောက်သို့ ကျရောက်ခဲ့ရသည့် အချို့သောနယ်မြေများတွင် ကျောင်းများဖွင့်လှစ်၍ သင်ကြားပေးနေသည်ဟု သိရကြောင်း၊ ၎င်းတို့သင်ကြားသည့် သင်ခန်းစာစာအုပ်များမှာလည်း ယခုလက်ရှိ မိမိတို့အစိုးရစာသင်ကျောင်းများတွင် သင်ကြားပေးနေသည့် သင်ခန်းစာစာအုပ်များပင် ဖြစ်ကြောင်း၊ အစိုးရကပြဋ္ဌာန်းပေးထားသည့် သင်ခန်းစာ စာအုပ်ကိုပင် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့မည်သည့်သင်ခန်းစာများကို သင်ကြားပေးနေသည်ဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့နိုင်မည်ဖြစ်ကြောင်း၊ ကလေးများ၏စိတ်ထဲတွင် အကြောက်တရားများ ကင်းမဲ့စေရန်နှင့် မဟုတ်မမှန်သည့် အမုန်းတရားများ ဝင်ရောက်လာစေရန် သင်ကြားပေးကြောင်း။

ထိုဖြစ်ရပ်များကိုကြည့်၍ မိမိစိတ်ထဲတွင် ဗကပလက်ထက် ပဲခူးရိုးမတွင် ၁၀ နှစ်အရွယ်ကလေးများနှင့် ၆ နှစ်၊ ၇ နှစ်အရွယ် ကလေးများ ပင်ပါဝင်သည့် သခင်သန်းထွန်း၏ လူယုံတော်တပ်ဖွဲ့ဟူ၍ပင် ဖွဲ့စည်းခဲ့ခြင်းကို ပြန်၍သတိရမိကြောင်း၊ ထိုတပ်ဖွဲ့အထဲမှ နာမည်တစ်ခုကိုမှတ်မိသေးကြောင်း၊ တပ်ဖွဲ့ထဲတွင် အငယ်ဆုံးနှင့် သခင်သန်းထွန်း၏ သစ္စာအရှိဆုံး ကရင်လူမျိုးရဲဘော်ဖညက်ဟု ဆိုသည့် လူငယ်လေးဖြစ်ကြောင်း၊ လူကောင်သေးသေးလေးနှင့် စတင်းဂန်းကိုင်ထားသည့်ပုံလေးကို "သခင်သန်းထွန်းရဲ့ နောက်ဆုံးနေ့များ" ဆိုသည့် စာအုပ်ထဲတွင် ရှာကြည့်လျှင်တွေ့နိုင်ကြောင်း၊ ယခုအကြမ်းဖက်သမားများမှာ ကလေးများကို ထိုကဲ့သို့ မှိုင်းသွင်းနေခြင်းဖြစ်ကြောင်း၊ ကလေးများကို ဘာတွေသင်နေသည်၊ ဘာတွေမှိုင်းသွင်းနေသည်ကို အားလုံးတွေ့နိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့စာသင်ကျောင်း မည်မျှဖွင့်လှစ်ထားသည်ဆိုသည့် စာရင်းအတိအကျ မိမိတို့တွင်ရှိကြောင်း၊ ၎င်းတို့ပြောသကဲ့သို့ မဟုတ်ကြောင်း၊ အစိုးရစာသင်ကျောင်းများတွင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရန် ဆောင်ရွက်နေကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ လူထုက တော်လှန်ရေးရေချိန်

**❑ စစ်ရာဇဝတ်မှုဆိုသည်မှာ ၎င်းတို့အတွက် မဆန်းကြောင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကိုပင် သာမန်ကိစ္စကဲ့သို့ သဘောထား၍ လုပ်ဆောင်နေကြသူများဖြစ်**

အမြင့်ဆုံးဖြစ်နေပြီး နိုးကြားတက်ကြွနေသည့်အတွက် တိုင်းဒေသကြီးတစ်ခုလုံးသည် အစိုးရ၏ ကွပ်ကဲမှုအောက်တွင်မရှိဘူးဟု ကမ္ဘာ့မီဒီယာများနှင့် အချို့ မီဒီယာများက ဝိုင်းဝန်း၍ ရေးသားဖော်ပြနေကြကြောင်း၊ အမှန်တကယ် ဟုတ်/မဟုတ် ဆိုသည်ကို လက်တွေ့ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့သည့် သတင်းထောက်ကြီးကိုယ်တိုင် အသိဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ မည်သည့်နေရာများတွင်ရှိသည်၊ မည်သည့်နေရာများတွင် မရှိဘူးဆိုသည်ကို သိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ယခုဖြစ်ပျက်နေသည့် အခြေအနေများမှာ တက်ကြွသောကြောင့် မဟုတ်ကြောင်း၊ အစောပိုင်းက သတင်းထောက်ကြီးပြောပြခဲ့သည့် အကျိုးစီးပွားများကြောင့်ဖြစ်ကြောင်း၊ ရေနံထွက်သည့်နေရာများ၊ ရွှေမှော်များ၊ ရွှေမျောများနှင့် ရွှေထွက်သည့်နေရာများကို သိမ်းပိုက်ရန်ဖြစ်ကြောင်း၊ ၎င်းတို့အချင်းချင်းလည်း မတည့်ကြကြောင်း၊ ၎င်းတို့အဖွဲ့ အချင်းချင်း နေရာလုနေကြသည့် အခြေအနေများလည်းရှိကြောင်း၊ ထိုဖြစ်စဉ်များကို မိမိတို့လည်းသိရကြောင်း၊ တစ်ခါတစ်ရံ ပြည်ပမှ အလှူခံသည့် ပုဂ္ဂိုလ်များကိုလည်း သနားပါကြောင်း၊ ၎င်းတို့မှာလည်း အဆိုပါ ဒေသတွင်ရှိသည့်ရွာများကိုပင် ပြောကြကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ကျွန်းလှ၊ ရေဦး၊ ခင်ဦးစသည့် ကျေးရွာများဖြစ်ကြောင်း၊ အဆိုပါနေရာများတွင် မည်သည့်ကိစ္စများလုပ်နေသည်၊ မည်သည့်အရာများ ထွက်နေသည်ကို ပြည်ပမှပုဂ္ဂိုလ်များ မသိကြကြောင်း၊ ပြည်ပမှ လှူမည့်သူများကို ယင်းနယ်မြေများတွင် ဘယ်လောက် ဒုက္ခရောက်နေပါတယ်ဟု ပြောကြကြောင်း။

ထိုဒေသရှိ အချို့နေရာများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်၍ပင် မရတော့ကြောင်း၊ အချို့သောဆည်များတွင် အမြဲတမ်းဝင်ထွက်သွားလာ၍ ဆည်များကို ရေလွှတ်မပေးနိုင်ရန် လုပ်ဆောင်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ပြီဆိုပါက ၎င်းတို့ထံတွင် လူရှိတော့မည် မဟုတ်သောကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိမိတို့ အထူးအလေးထား၍ လုပ်ဆောင်သွားမည်ဟု မိမိအရင်ကလည်းပြောခဲ့ကြောင်း၊ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးအဖွဲ့အစည်းများလည်း စနစ်တကျ ဖွဲ့စည်းနေပါကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို မိမိတို့အနေဖြင့် လိုအပ်သည့် အကူအညီများကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးသွားမည်ဆိုပါက ပို၍အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်နှင့် ဒေသ၏သယံဇာတပစ္စည်းများကို လက်ဝါးကြီးအုပ်၍ ဒေသခံပြည်သူလူထုအပေါ်တွင် အနိုင်ကျင့်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ သတင်းထောက် သဇင်ဦး**က နိုင်ငံ့ဝန်ထမ်းများကို CDM လုပ်ရန် တိုက်တွန်းခဲ့သည့် အနုပညာရှင်များကို နိုင်ငံတော်တည်ဆောက်ရေးအတွက်ဟုဆိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်လွှတ်ပေးခဲ့သည်ကို ပြည်သူများအနေဖြင့် နားလည်နိုင်ခဲ့ပါကြောင်း၊ ကလေးများ၏ပညာရေးနောက်မကျစေရန်အတွက် CDM ပြုလုပ်ခဲ့သည့် ပညာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့မှုနှင့် နိုင်ငံတော်တိုးတက်ရေးကိစ္စများ မနှောင့်နှေးစေရန်အတွက် CDM ပြုလုပ်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခဲ့သည်ကိုလည်း ပြည်သူလူထုကလက်ခံခဲ့ကြောင်း၊ PDF များကိုလည်း လက်နက်အပ်နှံ၍ ပြည်သူ့ဘဝပြန်လည်ဝင်ရောက်ရန်ကြိုဆိုပြီး ထောက်ပံ့ကြေးများပေး၍ မိဘများဆီသို့ ပြန်လည်အပ်နှံပေးခဲ့သည်ကိုလည်း ပြည်သူများကသည်းခံခဲ့ကြောင်း၊ သို့သော် IS စစ်သွေးကြွများကဲ့သို့ ရက်စက်ယုတ်မာပြီး ပြည်ပအားကိုးပုဆိန်ရိုးဖြစ်နေသည့် အကြမ်းဖက်သမားများကိုမူ ပြည်သူများက သည်းမခံနိုင်တော့ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြိုင်မြို့နယ် ကြန်စိမ့်ကြီးကျေးရွာမှ "မနန္ဒာ"ဟုဆိုသည့် အမျိုးသမီးတစ်ဦးကို နေ့ခင်းဘက်ကြီးတွင် PDF အကြမ်းဖက်သမားများက "ဒလန်မ ထွက်ခဲ့" ဟုဆိုပြီး အရှင်လတ်လတ် ခေါင်းဖြတ်၍ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်ကိုပင် ၎င်းတို့က တပ်မတော်သားများနှင့် ပျူစောထီးများက ပြုလုပ်ခဲ့သည်ဟုဆိုပြီး မဟုတ်မမှန်လုပ်ကြံ၍ ဝါဒဖြန့်နေမှုများကိုလည်း တွေ့ရကြောင်း၊ ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်ရှိနေသည့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကိုမူ ပြည်သူများအနေဖြင့် လုံးဝ(လုံးဝ) လက်မခံနိုင်တော့ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ အထူးအစီအစဉ်တစ်ရပ်အနေနှင့် ဆောင်ရွက်ပြီး ပြည်သူများကျေနပ်နိုင်သည့် အပြစ်ပေးအရေးယူမှု ပြုလုပ်ပေးရန် ပြည်သူလူထုကလိုလားတောင်းဆိုနေကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ဆန္ဒကို အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စများနှင့်ပတ်သက်ပြီး အရှက်တရားမရှိ ရေးသားနေသည့် မီဒီယာများကိုလည်းတွေ့ရကြောင်း၊ အရှက်မရှိသည့် စွပ်စွဲချက်များ ပြုလုပ်နေသူများရှိသည်ကိုလည်း တွေ့ရကြောင်း၊ မြိုင်မြို့နယ် ကြန်စိမ့်ကြီးကျေးရွာမှ "မနန္ဒာ"၏ ကိစ္စနှင့်ပတ်သက်ပြီး မီဒီယာတစ်ခုက မေးမြန်းထားခြင်းရှိကြောင်း၊ ၎င်းတို့၏ဒလန်နှင့် အချင်းချင်းကြိုတင်ဇာတ်တိုက်ပြီး အမေးအဖြေပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ "ဒေါ်နန္ဒာ" ၅၂ နှစ်မှာ ဖခင်အမည် "ဦးကျော်ဆွေ" ဖြစ်ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်ရှိန်းရုံးသူဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြိုင်မြို့နယ်ရဲစခန်း၌ တိုင်ကြားအမှုဖွင့်ခဲ့သည်ဟု သိရကြောင်း၊ ထိုနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း၊ အလောင်း၊ မှုခင်းဆေးစာများနှင့်အတူ နိဗ္ဗာန်ရွှေပြည် လူမှုရေးယာဉ်နှင့် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ စစ်ဆေးခဲ့ကြောင်း၊ သက်ဆိုင်သူများကိုလည်း မိမိတို့က စစ်ဆေးခဲ့ကြောင်း၊ ထိုဖြစ်စဉ်နှင့် ပတ်သက်သည့် Video File လည်း ပါဝင်ကြောင်း၊ အင်မတန် ရက်စက်ကြမ်းကြုတ်သည့် Video File ဖြစ်ကြောင်း၊ ထို Video File ကို ကြည့်မိသူများလည်း စိတ်မချမ်းမသာဖြစ်ကြရကြောင်း၊ သတ်ဖြတ်ခဲ့သည့်သူများမှာ ၎င်းတို့ကို သိနေသည့် တစ်ရွာတည်းသားချင်း PDF များဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ကောက်ချက်ချရသည်ကို ပြောရမည်ဆိုပါက ထို Video File တွင် ပါပြီးဖြစ်ကြောင်း၊ Video File ထဲတွင် အမျိုးသမီးတစ်ယောက်အား ဘေးနားတွင် ခေါင်းစွပ်စွပ်ပြီး ရပ်နေသူက ၎င်းကို "မကြည့်နဲ့၊ မကြည့်နဲ့" ဟု ပြောခဲ့ကြောင်း၊ ခေါင်းစွပ်ကို စွပ်ထားသော်လည်း ၎င်းတို့ တစ်ရွာတည်းသားချင်းဖြစ်နေသဖြင့် မှတ်မိသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း။

၎င်းတို့စွပ်စွဲသကဲ့သို့ စစ်သားများနှင့် ပျူစောထီးများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါက မည်သည့်အတွက်နှင့်မျှ ၎င်းတို့၏မျက်နှာကို မကြည့်ရဲစရာအကြောင်း မရှိကြောင်း၊ ၎င်းတို့ကို မည်သူကမျှ သိနိုင်မည်မဟုတ်ကြောင်း၊ အချင်းချင်းသိကြသူများ ဖြစ်ကြောင်း၊ ယခင်ကတည်းကပင် လက်ထောက်ချ၍ အကွက်ကျကျ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့စတင် ဝင်ရောက်လာသည့် ၁၁ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်ငါးဦးက ဓားများကိုင်ဆောင်၍ ခြံဝင်းအတွင်း ဝင်ရောက်လာပြီး အိမ်၏အပြင်ဘက်မှ "ဒလန်" ဟု အော်ခေါ်ခဲ့ကြောင်း၊ ထို့နောက် ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုအမှုနှင့်ပတ်သက်၍ မြိုင်မြို့နယ် ရဲစခန်းတွင် အမှုအမှတ်၊ ပ ၅၆/၂၀၂၂ ဖြင့် အမှုဖွင့်ထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)/၅၄ ဖြင့်လည်း အမှုဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ တရားခံများ အမြန်ဆုံး ဖမ်းဆီးရမိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ထိုတရားခံများအနက် အချို့သူများမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထဲတွင် ယခုအချိန်ထိရှိနေဆဲဖြစ်သည်ဟု သိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်သည့် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံများကိုဖမ်းဆီးရမိပါကလည်း ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်၍ ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း။

ထိုအမှုဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၁၉ ရက်ခန့်အထိ စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအတွင်း၌ ထိုကဲ့သို့ ဦးခေါင်းဖြတ်၍ သတ်ဖြတ်ခဲ့သည့် အမှုပေါင်း ၁၀ မှုထက်မနည်း ရှိခဲ့သည်ဟု သိရကြောင်း၊ တချို့မှာ မတိုင်ရဲကြကြောင်း၊ တချို့မှာလည်း ထိုကိစ္စများနှင့်ပတ်သက်၍ မပြောရဲကြကြောင်း၊ ရွာလုံးကျွတ်မီးရှို့ခံရသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေကြသူများလည်း ရှိကြောင်း၊ မည်သည့်အချိန်တွင် မည်သူဝင်ရောက်လာပြီး မည်ကဲ့သို့ မီးရှို့သည်ဆိုသည့် ၎င်းတို့၏ထွက်ဆိုချက်များကိုလည်း ချပြပြီးဖြစ်ကြောင်း၊ ရွာတွင် တိုက်ပွဲဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မီးရှို့၍ ထွက်ပြေးသည့်ကိစ္စများ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းမြောက်ခြမ်းတို့တွင်ဖြစ်ပွားနေကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် လုံခြုံရေးအရဆောင်ရွက်နိုင်သည့် ကိစ္စအားလုံးကို ဆောင်ရွက်ပေးသွားမည်ဟု ပြောလိုကြောင်းဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အမ်းမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်းများမှ နေရပ်ပြန်မည့် ပြည်သူများအား ထောက်ပံ့ငွေ၊ ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်




**နေပြည်တော် ဇူလိုင် ၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ယာယီတိုင်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသည့် ကဖူးကိုင်း ကျေးရွာအုပ်စုနှင့် ဒါးလက် ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်တို့မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေ၊ ဆန်နှင့် ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမ်းမြို့ရှိ အားကစားခန်းမ၌ ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ အမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၁၅၁ စုအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ၊ ဆန်နှင့် ကယ်ဆယ်ရေး ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ယာယီ တိုက်ပွဲရှောင် အိမ်ထောင်စုဝင်များက လက်ခံရယူကြပြီး ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

ဆိပ်ကလေးကျေးရွာ၌ ဖွင့်လှစ်ထားပြီး ကျောင်းသူကျောင်းသား ၆၃၀ ပညာသင်ကြားလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရပြီး ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားကာ မီးလောင်မှုကြောင့် စာသင်ကျောင်းဝင်းအတွင်းရှိ ဆရာ၊ဆရာမများ နားနေဆောင် ပေ ၂၀ ပတ်လည် နှစ်ခန်းတွဲမှ အခန်းတစ်ခန်းနှင့် စာကြည့်တိုက်အခန်းအတွင်းရှိ သုံးထပ်သားပြားနှစ်ချပ်၊ စားပွဲခုံ တစ်လုံး၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

ဖီယင်နုအသင်းအတွက် ၁၃၆ ပွဲ ပါဝင်ကစားထားသော မာလာစီယာသည် အိုင်းယက်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော နည်းပြတန်ဟတ်၏ ပထမဆုံးခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။ ထို့ကြောင့် မာလာစီယာသည် ရာသီအကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ထိုင်းနှင့် ဩစတြေးလျနိုင်ငံတို့သို့ ထွက်ခွာမည့် မန်ယူအသင်း၏ ကစားသမားစာရင်းတွင် ပါဝင်လာဖွယ်ရှိသည်။

ထို့အပြင် မန်ယူအသင်းသည် ဒိန်းမတ်ကစားသမား အဲရစ်ဆင်ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ပြီး မကြာမီ တရားဝင်ထုတ်ပြန်ကြေညာသွားဖွယ်ရှိကြောင်း သိရသည်။ အခြားသတင်းတစ်ရပ်တွင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သူ ပါရဲရားသည် တန်းတက်ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ပလက်ဝမြို့နယ် အဘောင်သားအောက်ကျေးရွာနေ ချစ်စံသည် ၎င်းအသုံးပြုသည့် “Chit San” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကြီးကုန်းကျေးရွာနေ အိဇာသည် ၎င်းအသုံးပြုသည့် “Ei Zar” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အနောက်မြောက်ရပ်ကွက်နေ ဒေါ်ထိုက်ထိုက်သည် ၎င်းအသုံးပြုသည့် “Htike Htike” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ Myanmar Effort အထည်ချုပ်စက်ရုံ ဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို PDF အမည်ခံအကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ Myanmar Effort အထည်ချုပ်စက်ရုံ ဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် နံနက်ပိုင်းက ပခုက္ကူမြို့နယ် ပန်းတိုင်းချုံကျေးရွာ၌ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် Myanmar Effort အထည်ချုပ်စက်ရုံ ကုမ္ပဏီပိုင်ရှင်၊ အဆိုပါကျေးရွာနေ ဦးဖြိုးမင်းကျော် (၃၁) နှစ်(ဘ)ဦးဆန်းထွန်းသည် စက်ရုံမှ ဝန်ထမ်းများကို လစာပေးနိုင်ရေးအတွက် ပခုက္ကူမြို့ ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၂၆၀၀ ကို ၎င်းစီးနင်းသည့် MGY 9G–----- Hundi မော်တော်ယာဉ်ဖြင့် တစ်ဦးတည်း သွားရောက်ထုတ်ယူပြီး ကျေးရွာသို့ ပြန်လာစဉ် နံနက် ၁၁ နာရီခွဲတွင် ပန်းတိုင်းချုံကျေးရွာအနီး အရောက်၌ လမ်းဘေး၌ ရပ်တန့်ထားသည့် Nisan Tarano အမျိုးအစား အဖြူရောင်ယာဉ်ပေါ်မှ PDF အမည်ခံအကြမ်းဖက်သမား ခြောက်ဦးခန့်က လက်နက်များ ကိုယ်စီကိုင်ဆောင်ဆင်းလာပြီး ဦးဖြိုးမင်းကျော်၏ မော်တော်ယာဉ်ကို တားဆီးကာ အဆိုပါမော်တော်ယာဉ်နှင့် ယာဉ်ပေါ်တင်ဆောင်လာသည့် ငွေကျပ်သိန်း ၂၆၀၀၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို ဓားပြတိုက်လုယက်ယူဆောင်ကာ ရေစကြိုမြို့နယ် ဆင်ကျို့ကျေးရွာဘက်သို့ မောင်းနှင်ထွက်သွားခဲ့သည်။

ထိုကဲ့သို့ Myanmar Effort အထည်ချုပ်စက်ရုံပိုင်ငွေနှင့် မော်တော်ယာဉ်တို့အား ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘားအံ၊ မြိတ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၆ နာရီက ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု သောဘုံကျေးရွာအနီး ဘားအံ–လှိုင်းဘွဲ့သွားကားလမ်းတွင် စိုးမြင့်သန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်း ကောင်း၊ ထို့ပြင် ယင်းနေ့ ည ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကျေးရွာအနီးတွင် ဥဇ္ဇာအောင်လင်း(ခ)ဘိုကြီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာရှိ ၁၆ မိုင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် AD VAN အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၂၀၊ မြန်မာငွေကျပ် ၁ ဒသမ ၂၁၅ သိန်း သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည်

ဖနောင်ပင် ဇူလိုင် ၆

**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ အဖွဲ့ဝင် ၁၆၆ ဦးပါ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၆ ရက်တွင် ပြောသည်။**

ထို့အပြင် ဝန်ကြီးချုပ် ဟွန်ဆန်သည် နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အဆိုပါ အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၌ အားကစားသမား ၁၁၅ ဦးပါသော ကိုယ်စားလှယ်အဖွဲ့သည် အားကစားနည်း ၁၁ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယားနိုင်ငံမှ ဇူလိုင် ၂၄ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ဩဂုတ် ၇ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မသန်စွမ်းသူများသည်လည်း စွမ်းဆောင်ရည်ရှိပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုကာ ရွှေတံဆိပ်များ ဆွတ်ခူးရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပမှုကို ဖျက်သိမ်းမှုနှင့် ၂၀၂၂ အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမှု ရုပ်သိမ်းပြီးနောက် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှ ၁၁ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် တီမောလက်စ်တေနိုင်ငံတို့မှ အားကစားသမားများသည် အဆိုပါ ပြိုင်ပွဲ၌ အားကစားနည်း ၁၄ မျိုးတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ၂၀၂၂ ၏ ဝက်ဘ်ဆိုက်အရ သိရသည်။ **ဆင်ဟွာ**

# ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများသို့ ကန်ဒေါ်လာ ၂၈ ဒသမ ၅ သန်း ထောက်ပံ့မည်

**နိုင်ရိုဘီ ဇူလိုင် ၆**

ဆယ်စုနှစ်များအတွင်း ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုအကျပ်အတည်းနှင့် ကြုံတွေ့နေရသည့် ၁၉ နိုင်ငံမှ မိသားစုဝင်များကို ကူညီရန် ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းတစ်ခုမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅ သန်း ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ၁၉ နိုင်ငံတွင် အများစုသည် အာဖရိကမှ ဖြစ်ကြောင်း သိရသည်။



မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရသည့် ဆိုမာလီယာနိုင်ငံတွင် သောက်သုံးရေ ရရှိရန် တန်းစီစောင့်ဆိုင်းနေမှုကို တွေ့ရစဉ်။

ပဋိပက္ခများ ဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှုနှင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုတို့ ပေါင်းစပ်အကျိုးသက်ရောက်မှုကြောင့် အာဖရိကတွင် လူပေါင်း ၇၅၀၀၀၀ အထိ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကလေးသူငယ်များ ကယ်ဆယ်ရေး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညွှန်ကြားရေးမှူး ဂါဘရီရယ်လာ ဝဂျီမန်းက ပြောသည်။

ငတ်မွတ်ခေါင်းပါးမှုကြောင့် ကလေးသူငယ်များ၏ အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသည့် ၁၉ နိုင်ငံ တွင် အာဖဂန်နစ္စတန်၊ ကွန်ဂို၊ မာလီ၊ ဘာကီနာဖာဆို၊ နိုင်ဂျီးရီးယား၊ ဆူဒန်၊ တောင်ဆူဒန်၊ ဆိုမာလီယာ၊ ကင်ညာ၊ အီသီယိုးပီးယား၊ ဂွါတီမာလာ၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား စသည့်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။ အဆိုပါ အဖွဲ့အစည်းက အာဖရိကဦးချိုဒေသ၌ မိုးခေါင်ရေရှားမှုဒဏ်ကြောင့် လူဦးရေ ၁၈ ဒသမ ၄ သန်းသည် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် အကြီးအကျယ် ရင်ဆိုင်နေရကြောင်း ပြောသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး တိမ်းမှောက်၊ နှစ်ဦး သေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

**ကဘူးလ် ဇူလိုင် ၆**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဖာရတ်ပြည်နယ်တွင် ဇူလိုင် ၆ ရက်က စစ်ဘက်ဆိုင်ရာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် နှစ်ဦးသေဆုံးကာ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ စစ်ဘက်ဆိုင်ရာယာဉ်သည် ဖာရတ်ပြည်နယ်ရှိ ကိုတယ်ဂေါ့ဇက် နေရာ၌ ယင်းနေ့ နံနက်ပိုင်းတွင် တိမ်းမှောက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ပြည်နယ်သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဌာနမှ ညွှန်ကြားရေးမှူး ရှန်ဆူလာ မိုဟာမက်ဒီ က သတင်းထောက်များကို ပြောသည်။ ထိခိုက်ဒဏ်ရာရရှိသူအချို့မှာ ပြင်းထန်သောကြောင့် နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၉၃၇၁ ဦးတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၆**

တောင်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၅ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၃၇၁ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောသည်။ တောင်ကိုရီးယားနိုင်ငံသည် အဆိုပါရောဂါ ထပ်မံကူးစက်မှုများကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၈၄၃၃၃၅၉ ဦးအထိ ရှိလာပြီ ဖြစ်သည်။

ထပ်မံကူးစက်ခံရသူများအနက် ၂၂၄ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန်ကူးစက်မှုအရေအတွက်သည် ၃၆၃၁၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၆၁၅၉ ဦး တွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၆**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၆၁၅၉ ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၃၅၄၇၈၀၉ ဦးအထိ ရှိလာပြီဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၂၈ ဦး ရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၅၂၅၂၇၀ အထိ ရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၁၁၅၂၁၂ ဦးရှိပြီး ယခင်ရက်ကထက် ၇၃၇ ဦး တိုးလာကြောင်း သိရသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားအကျဉ်းထောင်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား အကျဉ်းသား ၃၀၀ ထက်မနည်း ထွက်ပြေးလွတ်မြောက်

**အဘူဂျာ ဇူလိုင် ၆**

ဘိုကိုဟာရမ်ဟု ယူဆရသည့် သေနတ်သမားများသည် ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုကာ နိုင်ဂျီးရီးယား မြို့တော် အဘူဂျာ အပြင်ဘက်ရှိ အကျဉ်းထောင်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် အကျဉ်းသား ၃၀၀ ထက်မနည်း ထွက်ပြေးလွတ်မြောက်သွားကြောင်း နိုင်ဂျီးရီးယားအစိုးရက ဇူလိုင် ၆ ရက်တွင် ပြောသည်။

အဆိုပါ သေနတ်သမားများသည် ဇူလိုင် ၅ ရက် ညပိုင်းတွင် အဘူဂျာရှိ ကူဂျီအကျဉ်းထောင်၌ ဝင်ရောက် စီးနင်းခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား ၆၀၀ ခန့် ထွက်ပြေးသွားခဲ့သော်လည်း ထက်ဝက်နီးပါးကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ရှူအီဘူ ဘဲလ်ဂိုရီ က သတင်းထောက်များကို ပြောသည်။ အဆိုပါဝင်ရောက်စီးနင်းမှု ဖြစ်စဉ်အတွင်း အကျဉ်းသားတစ်ဦး သေဆုံးကာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခြား သတင်းတစ်ရပ်တွင် နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ကတ်ဆီနာပြည်နယ်တွင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ သေနတ်သမားများသည် အဆိုပါရဲတပ်ဖွဲ့ကို ချုံခိုတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သေနတ်သမားများနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရဲအရာရှိနှစ်ဦး ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



သေနတ်သမားများတိုက်ခိုက်ပြီးနောက် အဘူဂျာရှိ ကူဂျီအကျဉ်းထောင်နံရံများ ပျက်စီးမှုကို တွေ့ရစဉ်။

# ဆိုးရွားလှတဲ့ မိုးခေါင်ရေရှားမှုနဲ့ ကြုံတွေ့နေတဲ့ ဆိုမာလီယာနိုင်ငံမှာ အငတ်ဘေးပြဿနာ မြင့်တက်လာနိုင်

လင်းဟန်သစ်

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက အရှေ့အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဆိုမာလီယာနိုင်ငံမှာ အငတ်ဘေးအန္တရာယ်မြင့်တက်လာနိုင်တယ်ဆိုပြီး သတိပေးလိုက်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှစကာ သမိုင်းတွင်မယ့် လေးကြိမ်ဆက်တိုက် မိုးရာသီပျောက်ဆုံးပြီးနောက် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက အခုလို သတိပေးလိုက်တာပဲ ဖြစ်ပါတယ်။



ရှာဘယ်လီမြစ်ကြမ်းပြင် ရေတွင်းများမှ ရေများကို သယ်ယူနေသော ဆိုမာလီယာ အမျိုးသမီးများကို တွေ့ရစဉ်။

## ကြီးမားတဲ့အတိုင်းအတာတစ်ခုအနေနဲ့လိုအပ်

ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ဆိုမာလီယာနိုင်ငံမှာ လူဦးရေ ခုနစ်သန်းကျော် စားနပ်ရိက္ခာမဖူလုံမှုကို အရင်ကတည်းက ရင်ဆိုင်ခံစားနေရတယ်လို့ ပြောခဲ့ပါတယ်။ အရှိန်အဟုန်နဲ့မြင့်တက်လာတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို ကြီးမားတဲ့အတိုင်းအတာတစ်ခုအနေနဲ့ လိုအပ်လျက်ရှိပါတယ်။

မိတ်ဖက်အဖွဲ့အစည်းတွေကလည်း မိုးခေါင်မှု တုံ့ပြန်ဆောင်ရွက်ရေးမှသည် အငတ်ဘေး ကြိုတင်ကာကွယ်ရေးသို့ ပြောင်းလဲလာခဲ့ပြီဖြစ်တယ်လို့ ဆိုမာလီယာမြို့တော် မိုဂါဒစ်ရှုးမှာ အင်္ဂါနေ့က ထုတ်ပြန်ခဲ့တဲ့ မိုးခေါင်မှုတုံ့ပြန်ဆောင်ရွက်ရေးနဲ့ အငတ်ဘေးကာကွယ်ရေးနောက်ဆုံး အစီရင်ခံစာမှာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက ဖော်ပြလိုက်ပါတယ်။

## ကန့်သတ်ချက်တွေရှိနေ

၂၀၁၇ ခုနှစ်မှစကာ ပထမဆုံးအနေနဲ့ တည်ရှိလာခဲ့တဲ့ ပေါင်းစည်းစားနပ်ရိက္ခာဖူလုံမှု အဆင့်သတ်မှတ်ခြင်း (IPC) က စားနပ်ရိက္ခာမဖူလုံမှုကပ်ဘေး အဆင့် ၅ ဟာ လူပေါင်း ၂၁၃၀၀၀ ကျော်ကို လွှမ်းမိုးသက်ရောက်နိုင်တယ်လို့ အတည်ပြု ဖော်ပြခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအေဂျင်စီက ပြောကြားလိုက်ပါတယ်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေဟာ မိုးခေါင်မှုဒဏ်ခံစားနေရသူတွေကို ကူညီတဲ့နေရာမှာ တခြားကူညီမှုပုံစံများအနက် ကျန်းမာရေးနဲ့ အာဟာရဆိုင်ရာ ကူညီမှုတွေကို အရှိန်မြှင့်တင်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့် အရင်းအမြစ်တွေနဲ့ ကူညီပေးနိုင်မှုတွေမှာ ကန့်သတ်ချက်တွေရှိနေပါတယ်။

## ရေပြတ်လပ်မှုကို ဖြစ်ပေါ်စေ

ဇန်နဝါရီလကတည်းကစကာ ဆိုမာလီယာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ထူထောင်ရေးဌာနများမှာ အာဟာရချို့တဲ့မှုနဲ့ ရောဂါတွေကြောင့် ကလေးငယ်အနည်းဆုံး ၂၀၀ သေဆုံးခဲ့တယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ကသတင်းထုတ်ပြန်ဖော်ပြထားပါတယ်။ ဇန်နဝါရီလမှစကာ မိုးခေါင်ရေရှားမှုဒဏ်ခံနေရတဲ့ ခရိုင် ၂၄ ခုမှ သံသယရှိ ကာလဝမ်းရောဂါဖြစ်ပွားမှု ၅၈၃၀ ကျော် ဖြစ်ပွားခဲ့ပါတယ်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီအရ ဂျူဘားနဲ့ ရှာဘယ်လီမြစ်တွေရဲ့ ရေမျက်နှာပြင်ဟာ သတ်မှတ်ကာလတိုပျမ်းမျှနှုန်းအောက် ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒါဟာ လယ်ယာစိုက်ပျိုးရေးနဲ့ တခြားရေအသုံးပြုနိုင်တဲ့နေရာတွေမှာ ရေပြတ်လပ်မှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဆိုမာလီယာပြည်သူတွေဟာ မိုးခေါင်ရေရှားမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်ရေရှားခြင်းကို ဘေးဥပဒ်ဟု မဆိုလိုပါ။ သို့သော်လည်း ကမ္ဘာကြီးဟာ ဒါကို အသိအမှတ်ပြုရမှာဖြစ်ပြီး လူတွေရဲ့ အသက်ကို အချိန်မီ ကယ်တင်ရမှာဖြစ်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဌာနေညွှန်ကြားရေးမှူး ရော်ရန့်က ပြောကြားလိုက်ပါတယ်။ ဒါဟာ တကယ့်ကို အရေးပေါ်အခြေအနေဖြစ်ပြီး ဒီအကျပ်အတည်းကို ရင်ဆိုင်ကြုံတွေ့နေသူတွေကို အကူအညီအထောက်အပံ့တွေ ဆက်လက်ပေးသွားဖို့ လိုပါတယ်။ မိခင်နှင့်ကလေးတွေအတွက် တစ်သက်တာအာဟာရချို့တဲ့မှုအကျိုးဆက်တွေမဖြစ်ခင် တားဆီးဖို့ လိုတယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

## အကူအညီတွေကို ဒီထက်ပိုပြီးတိုးမြှင့်ပေးရမယ်

လူတွေဟာကန့်သတ်ချက်ရှိတဲ့ သဘာဝအရင်းအမြစ်အတွက် ယှဉ်ပြိုင်လာကြတဲ့အခါမှာ လူမှုရေးဆိုင်ရာတင်းမာမှုပြဿနာတွေလည်း မြင့်တက်လာသလို ကျေးလက်ဘဝရွှေ့ပြောင်းနေထိုင်ခြင်းများနဲ့ ခြံမွေးတိရစ္ဆာန် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းတွေကလည်း တစ်စတစ်စ မြင့်သထက်မြင့်လာကြပါတယ်။

ဆိုမာလီယာပြည်သူ ၃ ဒသမ ၉ သန်း အကူအညီရရှိခဲ့တဲ့အချိန်မှာ လူသားတွေရဲ့ အသက်တွေကို ပိုမိုကယ်တင်ဖို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကိုလည်း ဒီထက်ပိုပြီး တိုးမြှင့်ပေးရဦးမှာဖြစ်တယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီက ပြောကြားလိုက်ပါတယ်။

## အရှိန်အဟုန်မြှင့်လုပ်ဆောင်

ဒီဇင်ဘာလအထိ လူပေါင်း ၆ ဒသမ ၄ သန်းကို ကူညီနိုင်ဖို့ အနည်းဆုံးအနေနဲ့ မိုးခေါင်ရေရှားမှုတုံ့ပြန်ရေးနဲ့ အငတ်ဘေးကာကွယ်ရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၉၉၃ ဒသမ ၃ သန်း လိုအပ်နေတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီက ပြောကြားထားပါတယ်။

ဆိုမာလီယာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ အဆိုးရွားဆုံးအခြေအနေတွေကို ကာကွယ်ဖို့ ဒါတွေကို အမြန်ဆုံးလုပ်ဆောင်ကြရမှာပဲ ဖြစ်ပါတယ်။ ထို့အတူ အပြည့်အဝထောက်ပံ့ပေးနိုင်ဖို့လည်း လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်အကုန်မှာ အရေးပေါ်လုပ်ဆောင်မှုတွေကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ဖို့ လိုအပ်သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကိုလည်း အားဖြည့်ပေးဖို့လိုအပ်နေပါတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ဖော်ပြလိုက်ပါတယ်။ အဲဒီလိုလုပ်ဆောင်မှသာ ဆိုမာလီယာနိုင်ငံရဲ့ စားနပ်ရိက္ခာမလုံလောက်မှုအဆင့်မြင့်တက်လာတာတွေ၊ လူတွေရဲ့ အသက်ဆုံးရှုံးမှုတွေ လျော့ပါးစေဖို့တွေ၊ အငတ်ဘေးပြဿနာကို ရှောင်ရှားနိုင်ဖို့တွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ကိုးကား - ဆင်ဟွာ

- ❒ ဒီဇင်ဘာလအထိ လူပေါင်း ၆ ဒသမ ၄ သန်းကို ကူညီနိုင်ဖို့ အနည်းဆုံးအနေနဲ့ မိုးခေါင်ရေရှားမှုတုံ့ပြန်ရေးနဲ့ အငတ်ဘေးကာကွယ်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၉၉၃ ဒသမ ၃ သန်း လိုအပ်နေတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီက ပြောကြား
- ❒ ၂၀၂၂ ခုနှစ်အကုန်မှာ အရေးပေါ်လုပ်ဆောင်မှုတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ဖို့ လိုအပ်သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကိုလည်း အားဖြည့်ပေးဖို့ လိုအပ်နေပါတယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံးက ဖော်ပြ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

(၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၀၁,၆၄၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅–၇–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၃၇,၃၄၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၅၉၅,၈၉၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၈၈) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၄၅၆) ခု | (၁၁) ဦး |

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၅–၇–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၃၇,၃၄၀ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၅၉၅,၈၉၄ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၇၁၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၉၅၈ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၇၁၉၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၅၇၅ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား ကျောင်းသူ ၅၂၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဇူလိုင် ၆ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီနှစ်ခုမှ Paclimart Injection ၁၅၀၀၊ TZ–Mide Capsule ၂၀၀၊ Oxamark Injection ၅၀၀၊ Osetron Injection ၅၉၈၈ ခု၊ Stamlo Tablet ၄၈၉၆၀၊ Evam Tablet ၈၈၉၉၂ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၅ မျိုး စုစုပေါင်း ၁၇၀၁၄ ဒသမ ၈၀ Kg၊ နယ်စပ် ချင်းရွှေဟော်တွင် ကုမ္ပဏီတစ်ခုမှ Hanako Disposable Syringe ၃၅၂၈ ခု တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

**မြန်မာ** နိုင်ငံမြောက်ဖျားရှိ ရေခဲတောင်ဒေသများမှသည် သဘာဝရေချိုအိုင်များ၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့် မြစ်ကြီးများနှင့် မြစ်ချောင်းများ၊ ဆည်၊ ကန်၊ ရေလှောင်တမံများ၊ မိုးသီးနံ့ စိုက်လယ်ကွင်းများအတွင်း မြန်မာနိုင်ငံ၏လူသားနှင့်သတ္တလောက၏ အစာကွင်းဆက်၊ ဂေဟစနစ်၏ သော့ချက်၊ ရေသယံဇာတဖြစ်သော ငါးမျိုးစိတ်များ ပျံ့နှံ့ပေါက်ပွား ကျက်စားလျက်ရှိသည်။

သိန်းညွန့်(PZL)

# ငါးမျိုးစိတ်များ ပျောက်ကွယ်မသွားစေရေး တားမြစ်ကာလအတွင်း ဖမ်းဆီးခြင်းကို ရှောင်ရှားပေး

ငါးမျိုးစိတ်များတွင် ရေချိုတွင် ဥချ မျိုးပွား၍ ရေငန်တွင်ကြီးပြင်းသောမျိုး၊ ရေငန်ရေချိုစပ်တွင် ဥချမျိုးပွား၍ ရေချိုတွင်ကြီးပြင်းသောမျိုး၊ ရေငန်တွင် ဥချ မျိုးပွား၍ ရေချိုတွင်ကြီးပြင်းသောမျိုး၊ ရေချိုတွင်သာ ရှင်သန်သော၊ ရေငန်တွင် သာရှင်သန်သောမျိုး စသည်ဖြင့် မျိုးစိတ် မျိုးကွဲများစွာ ရှိခြင်းကြောင့် အဆိုပါ ငါးမျိုးစိတ်များ ပျောက်ကွယ်မသွား အောင် ထိန်းသိမ်းနိုင်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပညာရှင်များက စဉ်ဆက်မပြတ်လေ့လာ မှတ်တမ်းတင် ခဲ့ကြသည်။

သို့ရာတွင် အချို့ ဒေသများမှာ သွားလာရေးခက်ခဲသောကြောင့် ပြီးပြည့် စုံအောင်လေ့လာနိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့်ပင် မြန်မာ့ငါးသယံဇာတ ထိန်းသိမ်းမှု လုပ်ငန်းစဉ်အဖြစ် ငါး လုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန တို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့-FFI (မြန်မာ) သည် ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ ဒေသတွင်းတက္ကသိုလ်များမှ ပညာရှင် များနှင့် ပူးပေါင်း၍ မြန်မာ့မြစ်ချောင်း များမှ သိပ္ပံဆိုင်ရာမျိုးစိတ်သစ်နှင့် ရှားပါးမျိုးစိတ်များကို ဒေသအလိုက် မှတ်တမ်းတင်ခဲ့ကြသည်။

ထိုထိုသော လေ့လာမှုများတွင် မေခ၊ မလိခမြစ်များမှ ငါးမျိုးစိတ် ၄၆ မျိုး၊ အင်းတော်ကြီးဒေသမှ ၉၅ မျိုး၊ ဧရာဝတီ မြစ်မှ ၁၁၆ မျိုး၊ တနင်္သာရီမြစ်မှ ၁၁၃ မျိုး၊ လေညာမြစ်မှ ၅၄ မျိုးစသည့် ငါးမျိုးစိတ် များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။

အဆိုပါ ငါးမျိုးစိတ်များအနက် သိပ္ပံ အတွက် ငါးမျိုးစိတ်အသစ် ဖြစ်ဖွယ် ရှိသော ငါးမျိုးစိတ်များအဖြစ် ဧရာဝတီ မြစ်၏ အစဖြစ်သော မေခနှင့် မလိခမြစ် များမှ ငါးမျိုး၊ အင်းတော်ကြီးဒေသမှ ခြောက်မျိုး၊ ဧရာဝတီမြစ်မှ ခြောက်မျိုး၊ တနင်္သာရီမြစ်မှ ကိုးမျိုး၊ လေညာမြစ်မှ ငါးမျိုးတို့ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ လက်ရှိကာလအထိ မေခနှင့် မလိခမြစ် များမှ လေးမျိုး၊ အင်းတော်ကြီးဒေသမှ လေးမျိုး၊ တနင်္သာရီမြစ်မှ တစ်မျိုးနှင့် သံလွင်မြစ်ဝှမ်းမှ တစ်မျိုးတို့ကို သိပ္ပံ အတွက် အမည်သစ်များပေးပြီး အပြည် ပြည်ဆိုင်ရာ သိပ္ပံစာစောင်များတွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံတွင် ရေချိုငါးမျိုးစိတ်

**မြန်မာနိုင်ငံတွင် ရေချိုငါးမျိုးစိတ် ၅၆၅ မျိုးခန့်ရှိပြီး ၃၁၁ မျိုးသည် ဧရာဝတီမြစ်ဝှမ်းတွင် ကျက်စားလျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၅ ရာခိုင်နှုန်းဖြစ်သောကြောင့် ဧရာဝတီမြစ်သည် မြန်မာ့ရေချိုငါးတို့အတွက် လွန်စွာအရေးပါသော မြစ်ကြီးတစ်စင်းဖြစ်**


မျိုးစိတ်အမည် – MACROGNATHUS ORTHOSEMOS
တွေ့ရှိရာဒေသ – တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီ မြစ်ဝှမ်းဒေသ


မျိုးစိတ်အမည် – AMBLYCEPS IMPROCERUM
တွေ့ရှိရာဒေသ – ကချင်ပြည်နယ် အင်းတော်ကြီးဒေသ


မျိုးစိတ်အမည် – PARACANTHOCOBITIS EPIMEKES
တွေ့ရှိရာဒေသ – တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြစ်ဝှမ်းဒေသ


မျိုးစိတ်အမည် – EXOSTOMA SECTILE
တွေ့ရှိရာဒေသ – ကချင်ပြည်နယ် ပူတာအိုဒေသ မလိခမြစ်ဝှမ်းဒေသ


မျိုးစိတ်အမည် – SCHISTURA NUBIGENA
တွေ့ရှိရာဒေသ – ကချင်ပြည်နယ် ပူတာအို ဒေသ မလိခမြစ်ဝှမ်းဒေသ

၅၆၅ မျိုးခန့်ရှိပြီး ၃၁၁ မျိုးသည် ဧရာဝတီ မြစ်ဝှမ်းတွင် ကျက်စားလျက်ရှိရာ ရာခိုင် နှုန်းအားဖြင့် ၅၅ ရာခိုင်နှုန်းဖြစ်သော ကြောင့် ဧရာဝတီမြစ်သည် မြန်မာ့ရေချို ငါးတို့အတွက် လွန်စွာအရေးပါသော မြစ်ကြီးတစ်စင်းဖြစ်ကြောင်း သိရှိရပေ သည်။

ထိုသို့များပြားလှသော ငါးမျိုးစိတ် များသည် မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်ချောင်းအင်းအိုင်များတွင် မှီတင်း နေထိုင်ကြသည်မှန်သော်လည်း ယင်း ငါးမျိုးစိတ် အများအပြားအနက် တချို့ မှာ ကောင်ရေပေါက်ပွားမှုနှုန်း ကျဆင်း လာခြင်း၊ အချို့မှာ မျိုးသုဉ်းလုနီးပါးဖြစ် လာခြင်းနှင့် အချို့မှာ ရှားပါးလာသည့် အနေအထားတို့နှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဓိကအားဖြင့် မုတ်သုံအဝင် နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း၊ မိုးရာသီကာလ တိုတောင်းခြင်းများ ကဲ့သို့သော ရာသီဥတုပြောင်းလဲလာ ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ ကြောင့် ငါးများ မိတ်လိုက်ဥချသည့် အချိန်ကာလနှင့် ဥချသည့်ပုံစံများ ပြောင်းလဲလာခြင်း၊ ငါးများ မိတ်လိုက် ပြီး သားပေါက်သည့် မြစ်ချောင်းများ တစ်လျှောက်ရှိ ရေကြီးရေလျှံကွင်းများ တွင် စိုက်ပျိုးရေးဧရိယာများ ချဲ့ထွင်လာ ခြင်းကြောင့် ငါးနေငါးထိုင်နေရာများ ဆုံးရှုံးလာခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲလာ ခြင်းတို့ကြောင့် ငါးမျိုးစိတ်များ၏ ဂေဟ စနစ်များလည်း တစ်စတစ်စဖြင့် ပျက်ယွင်းလာသည့် ကြီးစွာသောစိန်ခေါ် မှုတစ်ရပ်နှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

ငါးတို့သည် အရွယ်ရောက်ကောင် များ မျိုးပွားရန်၊ သက်ငယ်ကောင်နှင့် သက်ကြီးကောင်များ အစာစားရန်၊ သဘာဝဘေးအန္တရာယ်များမှ ရှောင်ရှား ရန်အတွက် ဘဝသက်တမ်းတစ်လျှောက် တွင် တစ်နေရာမှတစ်နေရာသို့ ပုံမှန် ကူးခပ်သွားလာနေကြသည်။

ငါးတို့၏ ဘဝစက်ဝန်းလည်ပတ်ရာ လမ်းကြောင်းတွင် ၎င်းတို့မကျော်ဖြတ် နိုင်သော အတားအဆီးများကြောင့် လည်းကောင်း၊ စည်းကမ်းမဲ့ဖမ်းဆီးခြင်း၊ ဘက်ထရီရှော့တိုက်ခြင်း၊ ဆေးချခြင်း ကဲ့သို့သော လုပ်ရပ်များကြောင့် လည်း ကောင်း၊ ၎င်းတို့၏ သဘာဝနှင့်ကိုက်ညီ သောရေပြင်ရှိရာသို့ မသွားရောက်နိုင် တော့ဘဲ သားပေါက်နှုန်းကျဆင်းခြင်း၊ အစာမလုံလောက်ခြင်း၊ မျိုးဗီဇကျဆင်း လာခြင်းတို့နှင့် တွေ့ကြုံရကာ အနာဂတ် အတွက် ငါးမျိုးပြုန်းတီးရန် အန္တရာယ် ကျရောက်လျက်ရှိသည်။

ယင်းကြောင့်ပင် ငါးများ ဥဥသား ပေါက်သည့် မေ၊ ဇွန်၊ ဇူလိုင်လ ကာလ များကို ငါးရစ်ငါးသန် တားမြစ်ကာလ အဖြစ် သတ်မှတ်၍ ငါးမဖမ်းဆီးရန်ထိန်း သိမ်းမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ငါးသည်လူသားထု၏ အရေးပါသော အာဟာရစားနပ်ရိက္ခာ ဖြစ်သကဲ့သို့ တစ်ပိုင်တစ်နိုင်မှသည် ပြည်ပကုန်သွယ် မှုအထိ ကျယ်ပြန့်သော လုပ်ငန်း၏ အရင်းအမြစ် သယံဇာတများအဖြစ် လွန်စွာအရေးပါလှပေရာ ရှိနေသော မျိုးရင်းမျိုးစိတ်များ ထပ်မံလျော့ကျ ကွယ်ပျောက်ခြင်းများမရှိဘဲ ရေရှည် တည်တံ့နိုင်စေရန် မြစ်ချောင်းများ တစ်လျှောက် အတားအဆီးများ လျှော့ချ ပေးခြင်း၊ အတားအဆီးများတွင် ငါးဆင်း ငါးတက်လမ်းများ လုပ်ဆောင်ပေးခြင်း၊ စည်းကမ်းမဲ့တရားမဝင် ငါးဖမ်းခြင်းများ ကို ထိရောက်စွာ ဟန့်တားခြင်းများ ပိုမို လုပ်ဆောင်လိုက်ပါက ငါးသယံဇာတ စဉ်ဆက်မပြတ်တည်ရှိမှုကို အထောက် အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာတို့သည် ငါးမျိုး စိတ်များကို နှစ်ခြိုက်စွာ စားသုံးကြသည့် အတွက် နှစ်ပေါင်းကြာရှည်စွာ ငါးများ ဖမ်းဆီးစားသုံးခဲ့ကြသည့် အဆိုပါငါးမျိုး စိတ်များ ရေရှည်တည်တံ့စေရန် လူသား များက ငါးရစ်ငါးသန်များကို တားမြစ် ကာလအတွင်း ဖမ်းဆီးခြင်းကို ရှောင်ရှား ခြင်းဖြင့် ဥပဒေနှင့်ညီညွတ်စေမည်ဖြစ် သည့်အပြင် ရေရှည်ကာလတွင် ငါးမျိုး စိတ်များ တည်တံ့ပွားများကာ စီးပွားရေး ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြု လာနိုင်မည်ဟု ယူဆ၍ "ငါးရစ် ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း" ဟူသော ဆောင်ပုဒ်ဖြင့် အသိပေးနှိုးဆော် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကုလသမဂ္ဂ သမုဒ္ဒရာ ညီလာခံအပြီး လစ်စဘွန်းကြေညာချက်ကို အတည်ပြုထုတ်ပြန်

**သမုဒ္ဒရာ** ၏အရေးပေါ်အခြေအနေအား ဖြေရှင်းရန်အတွက် သိပ္ပံ အခြေခံနှင့် ဆန်းသစ်သောလုပ်ဆောင်ချက်များကို မြှင့်တင်ဆောင်ရွက်ရန် အချက်များပါဝင်သည့် "လစ်စဘွန်းကြေညာချက်" ကို အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၅၀ ကျော် ပါဝင်တက်ရောက်ခဲ့သည့် ကုလ သမဂ္ဂသမုဒ္ဒရာညီလာခံ ၂၀၂၂ အပြီး ဇူလိုင် ၁ ရက်တွင် အတည်ပြုကြောင်း ကြေညာခဲ့သည်။

ကုလသမဂ္ဂသမုဒ္ဒရာဆိုင်ရာညီလာခံကို ပေါ်တူဂီနိုင်ငံ လစ်စဘွန်း မြို့တွင် ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၅၀ ကျော်တက်ရောက်ခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် "လစ်စဘွန်းကြေညာချက်" တွင် အထူးသဖြင့် နိုင်ငံတကာ ရေကြောင်း ပို့ဆောင်ရေး ကဏ္ဍမှ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် အချက်အလက်များ စုဆောင်းခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် အလေ့အကျင့်ကောင်းများကို မျှဝေရာတွင် ဌာနေတိုင်းရင်းသား များ၏ အခန်းကဏ္ဍကို အသိအမှတ် ပြုမြှင့်တင်ခြင်း၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု တိုးမြှင့်ရေး စသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူခဲ့ကြသည်။

ထို့ပြင် ရေရှည်တည်တံ့သော သမုဒ္ဒရာအခြေပြု စီးပွားရေးအကျိုး အမြတ်များရရှိရန် ဆန်းသစ်သော ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းရေးနည်း များကို မြှင့်တင်ရန်၊ ပင်လယ်သမုဒ္ဒရာအခြေပြု စီးပွားရေးလုပ်ငန်း များတွင် အမျိုးသမီးများနှင့် လူနည်းစုများ၏ ပါဝင်မှုကို အားပေး မြှင့်တင်ရန် သဘောတူညီချက်များ လည်း ပါဝင်သည်။ ဥရောပရင်းနှီး မြှုပ်နှံမှုဘဏ်ကလည်း ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှု၊ ရေစီမံခန့်ခွဲမှုနှင့် အမှိုက်စွန့်ပစ်မှု ပိုမိုကောင်းမွန်လာစေရန် သန့်ရှင်းသောသမုဒ္ဒရာ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကာရေဘီယံဒေသတစ်လျှောက် နောက်ထပ် ယူရိုသန်း ၁၅၀ ထပ်မံတိုးချဲ့ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

**ကိုးကား** – UN Ocean Conference Closes with adoption of Lisbon Declaration

မြန်လင်းမောင်

# ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ လေထုညစ်ညမ်းမှု ပြဿနာ

သီဟစည်သူ

**ယနေ့ကမ္ဘာတွင် သဘာဝသယံဇာတများရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ သဘာဝဂေဟစနစ် ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ၏ နေရင်းဒေသများ တဖြည်းဖြည်းဆုံးရှုံးလာမှုကြောင့် ဇီဝမျိုးစုံရှားပါးလာခြင်း၊ ရေထု၊ မြေထုနှင့် လေထုညစ်ညမ်းမှုစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုမျိုးစုံ ခြိမ်းခြောက်လျက်ရှိသည်။**

ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအနက် လေထုညစ်ညမ်းမှုပြဿနာသည် တစ်နေ့ထက် တစ်နေ့ ပိုမိုဆိုးရွားလာနေသည်။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၇ ခုရှိ မြို့ပေါင်း ၆၀၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့သည့် အချက်အလက်များအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ကျန်းမာရေးနှင့် မညီညွတ်သော အမှုန်အမွှားအဆင့်များ ပါဝင်သည့် မသန့်ရှင်းသောလေကို ရှူရှိုက်နေကြရပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် နှစ်စဉ်ကမ္ဘာ့လူဦးရေ ၁၃ သန်းခန့် အချိန်မတိုင်မီ သေဆုံးနေကြရကြောင်း၊ ၎င်းတို့အနက် ခုနစ်သန်းခန့်မှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပြီး သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ အာရှ–ပစိဖိတ်ဒေသတွင်း နိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အာရှအလယ်ပိုင်းနိုင်ငံများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်တက်နေရသည့် အကြောင်းရင်းများမှာ ဒေသတွင်းရှိ မြို့အများအပြားသည် လက်ရှိအချိန်အထိ ကျောက်မီးသွေး၊ အရည်အသွေးနိမ့် လောင်စာနှင့် ထင်းများကိုသာ အသုံးပြုနေရခြင်းကြောင့်လည်း ဖြစ်သည်။ အာရှအလယ်ပိုင်းသည် ကမ္ဘာပေါ်တွင် ကာဗွန်ထုတ်လွှတ်မှု အပြင်းထန်ဆုံး ဒေသများထဲမှ တစ်ခုဖြစ်ကာ စွမ်းအင်အရင်းအမြစ်များ၏ ၈၈ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာများမှရရှိပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းခန့်သာ လုပ်ဆောင်နိုင်သေးကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်(UNEP) ၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ အချက်အလက်များက ရုပ်ကြွင်းလောင်စာအသုံးပြုမှု လျှော့ချရေးနှင့် လေထုသန့်ရှင်းရေးအတွက် ထိရောက်သော အစီအစဉ်များကို ဦးစားပေးဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုး ပြသနေခြင်းဖြစ်သည်။

အထူးသဖြင့် ပူပြင်းခြောက်သွေ့လှသည့် နွေဦးပေါက်ရာသီနှင့် နွေရာသီကာလများတွင် အထူးသဖြင့် တောမီးလောင်မှုနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာသည် မဲခေါင်ဒေသတွင်း နိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ အပါအဝင် အာဆီယံ ဒေသတွင်းနိုင်ငံများအတွင်း နှစ်စဉ်ရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခု ဖြစ်သည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝဘေး အန္တရာယ်များကြောင့်လည်း ဖြစ်ပေါ်လေ့ရှိသကဲ့သို့ ယာဉ်များ၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စသည့် လူသားတို့၏ အပြုအမူများကြောင့် ထွက်ပေါ်လာသည့် အခိုးအငွေ့များနှင့် အမှုန်များကြောင့် လည်းဖြစ်ပေါ်လေ့ရှိသည်။




၂ ဒသမ ၅ မိုက်ခရိုမီတာ အရွယ်အစားကို လူ့ဆံချည်မျှင် အရွယ်အစားနှင့် နှိုင်းယှဉ်ပြသထားပုံ။

## ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ

လေထုညစ်ညမ်းမှုကြောင့် ဂေဟစနစ်နှင့် လူသားတို့၏ ကျန်းမာရေးအတွက် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသခွဲနိုင်ငံများတွင် မီးလောင်မှု အရေအတွက် (Hotspot Counts) ၅၀၀၀၀ ထက် မကျော်လွန်စေရေး လျာထားသတ်မှတ်မှုကို ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူခြင်း၊ မော်တော်ယာဉ်များ အသုံးပြုမှု ပိုမိုများပြားလာခြင်း၊ စက်မှုကဏ္ဍပိုမိုတိုးတက်လာခြင်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းနှင့် နှစ်စဉ် သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာရသည့်အတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချနိုင်ရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် သတိထားလုပ်ဆောင်နိုင်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုဖွံ့ဖြိုးလာရေးနှင့် အစိမ်းရောင်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးတို့သည် အဓိကအရေးပါလာသည်။

လေထုညစ်ညမ်းမှုကို Air Quality Index–AQI ဖြင့် ဖော်ပြလေ့ရှိပြီး AQI ဆိုသည်မှာ လေထုသန့်ရှင်းမှု အရည်အသွေးအညွှန်းကိန်းဖြစ်သည်။ AQI သည် အဓိက လေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့ငါးမျိုးဖြစ်သည့် ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ မြေပြင်အဆင့် အိုဇုန်းနှင့် အမှုန်အမွှားပါဝင်မှု(particulate matter– PM) ညစ်ညမ်းမှုများ အပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် AQI အဆင့်များကို (ပုံ–၁) တွင် ဖော်ပြထားသည့်အတိုင်း သတ်မှတ်ညွှန်ပြလေ့ရှိသည်။

လေထုအရည်အသွေးနှင့် ပတ်သက်၍ AQI အဆင့် နည်းခြင်းသည် လေထုသန့်ရှင်းသည်ဟု ဆိုနိုင်ပြီး ကျန်းမာရေးအတွက် အန္တရာယ်နည်းပါးသည်ဟု ကောက်ချက်ချနိုင်သည်။ လေထုညစ်ညမ်းမှု ရှိ၊ မရှိ AQI အဆင့်ကို လေထုအတွင်းပါဝင်သည့် အမှုန်များအပေါ် သတ်မှတ်ခြင်းဖြစ်သည်။ ၂ ဒသမ ၅ မိုက်ခရိုမီတာ (PM 2.5 m) နှင့် ယင်းထက် ပိုမိုသေးငယ်သော ပမာဏရှိသည့် အမှုန်ငယ်များ၏ ပါဝင်မှုကို အခြေခံ၍ တိုင်းတာခြင်းဖြစ်သည်။ ၎င်းအမှုန့်ငယ်သေးများသည် မျက်စိ၊ နှာခေါင်းနှင့် လည်ချောင်းတို့မှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပြီး နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်စေနိုင်ကြောင်း သိရသည်။

**လေထုအရည်အသွေး အညွှန်းကိန်း (AQI) တိုင်းတာမှု အဆင့်သတ်မှတ်ချက်များ (ပုံ–၁)**

| ကျန်းမာရေးကို အကျိုးသက်ရောက်နိုင်သည့် လေထုအရေအသွေးအဆင့် | အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ကောင်း | ၀-၅၀ | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| သင့် | ၅၁-၁၀၀ | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေ | ၁၀၁-၁၅၀ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ကျန်းမာရေးကိုထိခိုက်စေ | ၁၅၁-၂၀၀ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ကျန်းမာရေးကို အလွန်ထိခိုက်စေ | ၂၀၁-၃၀၀ | ကျန်းမာရေးအသိပေးချက် - လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| အန္တရာယ်ရှိ | ၃၀၁-၅၀၀ | ကျန်းမာရေးဆိုင်ရာ အရေးပေါ် သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေ ပိုများသည်။ |

## ဆိုးရွားလှသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ

အာဆီယံဒေသတွင်း၌ ၁၉၉၁ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ် ၂၀၁၅ ခုနှစ်များ ဆိုးရွားလှသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့အတွင်းက မြန်မာနိုင်ငံနယ်စပ် တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဒဏ်များကို ခံစားခဲ့ရသည်။ အဆိုးရွားဆုံးဖြစ်ရပ်မှာ ၁၉၉၇ – ၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောဧရိယာ အတွင်းရှိ သစ်ဆွေးမြေဧရိယာ ဟက်တာ ၁ ဒသမ ၈ သန်းမှ ၂ ဒသမ ၂ သန်းအထိ တောမီးလောင်ခြင်းကြောင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ ၃၀၀၀ မှ ၉၄၀၀ မီဂါတန်အထိ ထုတ်လွှတ်ခဲ့ကာ ဒေသတွင်းနိုင်ငံများတွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ခံစားခဲ့ကြရကြောင်း သိရသည်။

## မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး

ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၂ ခုနှစ် ဇွန် ၁၀ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း သစ်ဆွေးမြေများ ရေရှည်တည်တံ့စေရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများ

> **ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ကျန်းမာရေးနှင့် မညီညွတ်သော အမှုန်အမွှားအဆင့်များ ပါဝင်သည့် မသန့်ရှင်းသော လေကို ရှူရှိုက်နေကြရပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် နှစ်စဉ် ကမ္ဘာ့လူဦးရေ ၁၃ သန်းခန့် အချိန်မတိုင်မီ သေဆုံးနေကြရကြောင်း၊ ၎င်းတို့အနက် ခုနစ် သန်းခန့်မှာ လေထုညစ်ညမ်းမှု ကြောင့်ဖြစ်ပြီး သေဆုံးသူများ ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ထုတ်ပြန်ထား**

နှင့် ပူးပေါင်း၍ မဲခေါင်ဒေသတွင်း သစ်ဆွေးမြေများ ရေရှည်တည်တံ့ စေရေးဆိုင်ရာ စီမံကိန်း (Sustainable Management of Peatland Ecosystems in Mekong Countries)၊ သစ်ဆွေးမြေနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးစီမံကိန်း (ASEAN–EU Sustainable Use of Peatland and Haze Mitigation in ASEAN–SUPA)၊ မီးခိုးမြူငွေ့ ကင်းစင်ရေးအတွက် ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်း (Measurable Action for Haze–Free Sustainable Land Management in Southeast Asia–MAHFSA) များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

အထူးသဖြင့် တောမီးများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် မဲခေါင်နိုင်ငံများ အပါအဝင် အာဆီယံဒေသအတွင်း အရေးတကြီး ပူးပေါင်းဖြေရှင်းရမည့် ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အတွက် မီးလောင်မှုနှင့် ဆက်စပ်သည့် မီးခိုးမြူငွေ့အန္တရာယ်လျော့ပါးရေးနှင့် အစိမ်းရောင် မြို့တော်များ တည်ထောင်ပြီး သန့်စင်သောလေရရှိမှု၊ သန့်ရှင်းသော ရေထောက်ပံ့ပေးနိုင်မှု၊ ကောင်းမွန်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံစံနှုန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အထူးလိုအပ်နေပြီဖြစ်ပါကြောင်း။ ။

**ရည်ညွှန်းကိုးကား – အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု မဟာဗျူဟာ**

# နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုလာသည့် Smart Technology နည်းပညာများ

ဒေါက်တာ မျိုးသန့်

**ယနေ့နိုင်ငံအများစုသည် ခေတ်မီတိုးတက်ပြောင်းလဲလာသော နည်းပညာများကိုအခြေခံ၍ ဘက်စုံ၊ ထောင့်စုံမှ တိုးတက်မှုရှိအောင် ဆောင်ရွက်လာသည်ကို တွေ့ရှိရပါသည်။ ခေတ်မီနည်းပညာများတွင် Smart နည်းပညာသည်လည်းအရေးပါသော နည်းပညာတစ်ခုဖြစ်ရာ ယင်းနည်းပညာအတွက် ပေါင်းစပ်ပါဝင်နေသော ပညာရပ်များကို သိရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်ပတ်ဝန်းကျင်များတွင် Smart နည်းပညာများ စတင်ခဲ့သည်ဟု ဆိုနိုင်သော်လည်း လက်တွေ့ခန်းသုံး အဆင့်သာရှိနေသေး၍ ပြီးပြည့်စုံသော အနေအထားသို့ မရောက်နိုင်သေးသည်ကိုတွေ့ရှိခဲ့ရပါသည်။**




လက်ရှိအခြေအနေတွင် အိမ်သုံးထိန်းချုပ်မှု နည်းပညာများ၊ စက်ရုံသုံးထိန်းချုပ်မှုစနစ်များ၊ ဘဏ်စနစ်များမှစ၍ ကျန်းမာရေးစောင့်ကြည့် လုပ်ငန်းများအထိ ၎င်းနည်းပညာများ ပါဝင်နေသည်ကို တွေ့မြင်ရပါသည်။ ကိုင်တွယ်မြင်တွေ့ရသည့် အပိုင်းအနေဖြင့် လေယာဉ်များ၊ တံတားများ၊ အဆောက်အဦများမှစ၍ ကွန်ပျူတာအခြေပြု အသိဉာဏ်အတု(Artificial Intelligence) လုပ်ငန်းများနှင့်ဆက်စပ်ရေးသားထားသော ပရိုဂရမ် အစိတ်အပိုင်းများအထိ ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။

လက်ရှိ Smart နည်းပညာများမှ အသုံးများလာသောနည်းပညာရပ်များမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပတ်ဝန်းကျင်အခြေအနေအား အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်စနစ်များ။

(ခ) အခြေအနေတစ်ခုအား အန္တရာယ်ဖြစ်နိုင်သောအခြေအနေ ရှိ/ မရှိ ခွဲခြားစစ်ဆေးပေးနိုင်မှုများ။

(ဂ) အလိုအလျောက် စမ်းသပ်ပြုပြင်ခြင်းများ။

**တည်ဆောက်မှုပုံစံများကို သိရှိထားရန်လိုအပ်**

အထက်ဖော်ပြပါနည်းပညာများကို အခြေခံတည်ဆောက်ထားသော လမ်း/ တံတားများ၊ စက်ရုံများ၊ ကျန်းမာရေးဆိုင်ရာများ၊ စောင့်ကြည့်စနစ်များအတွက် တည်ဆောက်မှုပုံစံများကို သိရှိထားရန် လိုအပ်ပါသည်။ ကြီးမားသော စက်ရုံတစ်ခုဖြစ်စေ၊ လမ်းတံတားဖြစ်စေ တည်ဆောက်မည့်ပုံစံများပေါ်တွင် Smart နည်းပညာအရ အာရုံခံကိရိယာမျိုးစုံအသုံးပြုရန် လိုအပ်မည်ဖြစ်သည်။ ယင်း အာရုံခံကိရိယာအချင်းချင်း ကွန်ရက်ဆက်သွယ်နိုင်မှုနည်းပညာ အချက်အလက်ပို့လွှတ်ခြင်းနည်းပညာများလည်း ပေါင်းစပ်ပါဝင်နေမည်ဖြစ်သည်။

အချို့နေရာများတွင် အာရုံခံစောင့်ကြည့်စနစ်များအနေဖြင့် တစ်နေရာနှင့်တစ်နေရာ ဝေးကွာလှသည်ဖြစ်ရာ ကြိုးမဲ့နည်းပညာများလည်း အသုံးဝင်လာမည်ဖြစ်သည်။ ထို့ပြင် Smart နည်းပညာများအတွက် ချိတ်ဆက်အသုံးပြုရမည့် ဓာတ်အားပေးစနစ်အတွက် ကြာရှည်ခံဓာတ်အားပေးအပိုင်းများအတွက်ပါ စဉ်းစားတွက်ချက်ထားရမည် ဖြစ်သည်။ Smart နည်းပညာအသုံးပြုမှု အတွက် ပရိုဂရမ်ရေးသားထားသော Firmware Chip များသည်လည်း အရေးပါသောနေရာသို့ရောက်ရှိလာပါသည်။

**အာရုံခံကိရိယာအပြိုင်အဆိုင်ထုတ်လုပ်လာ**

Smart နည်းပညာတစ်ခု စတင်သန္ဓေတည်သည်မှစ၍ အံ့မခန်းသော ထိန်းချုပ်မှုစနစ်များအထိ တိုးမြှင့်လုပ်ဆောင်လာရန်အတွက် များပြားလှစွာသော အာရုံခံစနစ်များ၊ ကွန်ပျူတာကဲ့သို့လုပ်ဆောင်နိုင်မည့် Hardware ပစ္စည်းများ၊ အလင်း၊ အရောင်၊ အသံဖမ်းယူနိုင်မည့် အာရုံခံကိရိယာအမျိုးမျိုးအတွက် ဒီဇိုင်းထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် အပြိုင်အဆိုင်ထုတ်လုပ်လာနေသည်ကို တွေ့ရှိရသည်။

အောက်ဖော်ပြပါ နည်းပညာများသည် အနာဂတ်အဆင့်မြင့်နည်းပညာများအဖြစ် ဖြစ်ထွန်းလာမည်ကို တွေ့ရှိရပါသည်-

(က) အဆင့်မြင့်မြို့ပြများနှင့် အင်တာနက်အသုံးချမှုများ (Smart Cities and IOT–Internet of Things)။

(ခ) မျိုးဆက်သစ် ကွန်ရက်များအတွက် ရေဒီယိုလှိုင်းနှုန်းများ မျှဝေသုံးစွဲမှု (Radio Spectrum Sharing for 5G)။

(ဂ) အဆင့်မြင့်အဆောက်အဦများတွင်အသုံးပြုမည့် အင်တာနက်စနစ်။

*** အဆင့်မြင့်မြို့ပြ (Smart City) များအနေဖြင့် စဉ်ဆက်မပြတ် ပြီးပြည့်စုံသော လိုအပ်ချက်များဖြစ်သည့် စွမ်းအင်နှင့် ထုတ်ကုန်ထွက်ရှိမှု၊ ပြန်လည်အသုံးပြုနိုင်မည့် စွမ်းအင်နှင့် ပြန်လည်ထုတ်ယူသုံးစွဲနိုင်မည့် စွမ်းအား၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လွယ်ကူသက်သာမှုနှင့်အကျိုးအမြတ်ရှိမှုများ ပေါင်းစပ်ပါဝင်နေရမည် ဖြစ်ပါသည်**

*** ထို့ပြင် စနစ်များ၏စနစ်ဟု ခေါ်ဆိုသည့်အတိုင်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုချိတ်ဆက်နိုင်မည့် ကွန်ရက်များ၊ နယ်ပယ်အလိုက် အာရုံစိုက်လုပ်ကိုင်ထားရမည့်အချက်များ ထည့်သွင်းပေးထားရမည်ဖြစ်**

အဆင့်မြင့်မြို့ပြစနစ်များအတွက် စနစ်များ၏စနစ် (Systems of Systems) ဟု တင်စားနိုင်သည့် နည်းပညာအကြောင်းအရာများတွင် အောက်ဖော်ပြပါအခြေခံအချက်များ ပေါင်းစပ်ပါဝင်နေရမည်ဖြစ်ပါသည်-

(က) လူ (People)။

(ခ) အဖွဲ့အစည်းအခြေခံအဆောက်အအုံ (Community Infrastructure)။

(ဂ) အစိမ်းရောင်အခြေခံအဆောက်အအုံ (Green Infrastructure)။

(ဃ) အဆောက်အဦများ (Buildings)။

(င) သတင်းအချက်အလက်နည်းပညာ(ICT)။

(စ) ပစ္စည်းများ (Materials)။

(ဆ) ပို့ဆောင်ရေး (Transport)။

(ဇ) ရေပေးဝေမှု (Water)။

(ဈ) စွမ်းအားပေးစနစ် (Energy)။

**ဒစ်ဂျစ်တယ်နည်းပညာထည့်သွင်းပေးထား**

အဆင့်မြင့်မြို့ပြ (Smart City) များအနေဖြင့် စဉ်ဆက်မပြတ် ပြီးပြည့်စုံသော လိုအပ်ချက်များဖြစ်သည့် စွမ်းအင်နှင့် ထုတ်ကုန်ထွက်ရှိမှု၊ ပြန်လည်အသုံးပြုနိုင်မည့် စွမ်းအင်နှင့် ပြန်လည်ထုတ်ယူသုံးစွဲနိုင်မည့်စွမ်းအား၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ လွယ်ကူသက်သာမှုနှင့် အကျိုးအမြတ်ရှိမှုများ ပေါင်းစပ် ပါဝင်နေရမည် ဖြစ်ပါသည်။ ထို့ပြင် စနစ်များ၏စနစ်ဟု ခေါ်ဆိုသည့်အတိုင်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု ချိတ်ဆက်နိုင်မည့် ကွန်ရက်များ၊ နယ်ပယ်အလိုက် အာရုံစိုက်လုပ်ကိုင်ထားရမည့်အချက်များ ထည့်သွင်းပေးထားရမည်ဖြစ်ပါသည်။

လက်ရှိခေတ်စားနေသော IOT–Internet of things ဟု ခေါ်ဆိုသည့် မည်သည့်ကိစ္စရပ်မဆို အင်တာနက်မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်းများလည်း အနာဂတ်ကာလတွင် ပိုမိုတိုးတက်လာမည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းအတွက် တစ်ဦးတစ်ယောက်မှသည် အခြားတစ်ဦးတစ်ယောက်ဆီသို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအသုံးပြုမှုများ ပိုမိုတွင်ကျယ်လာမည်ဖြစ်သည်။ လူတစ်ဦး၏ ကွန်ပျူတာစက်မှ အခြားလူတစ်ဦး၏ ကွန်ပျူတာစက်သို့ ဆက်သွယ်မှုအား (M2M–Machine to Machine) ဟု တင်စားခေါ်ဆိုလာခဲ့ကြပါသည်။

**အာရုံခံကိရိယာ ၃၅၀၀ ကျော် တပ်ဆင်**

အဆင့်မြင့်အဆောက်အဦ (Smart Buildings) များ အနေဖြင့်လည်း အာရုံခံကိရိယာ ၃၅၀၀ ကျော် တပ်ဆင်အသုံးပြု၍ ထိန်းချုပ်ခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ IOT များ အချိန်ပြည့်အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းများ စီမံထားရှိမည် ဖြစ်ပါသည်။ ကြယ်ငါးပွင့်အဆင့်ရှိ အဆောက်အဦများတွင် အစိမ်းရောင်ကြယ်ပွင့်များ (Green Star) များအဖြစ် ထပ်မံ၍ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တစ်နည်း အစိမ်းရောင်စွမ်းအင်များ ထပ်မံဖြည့်စွက်ပေးထားမည် ဖြစ်ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအနေဖြင့် နေရောင်ခြည်စွမ်းအင်များ၊ လေစွမ်းအင်နှင့် အခြားစုပေါင်းစွမ်းအင်များအားစုစည်း၍ လိုအပ်သောနေရာများသို့ ဖြန့်ဖြူးနိုင်မည့်စနစ်များပါ ပေါင်းစပ်ထားခြင်းဖြင့် အခြားစွမ်းအားပေး ကုန်ကျစရိတ်များ လျော့ကျလာနိုင်မည်ဖြစ်ပါသည်။

အဆင့်မြင့်အဆောက်အဦ (Smart Buildings) များအနေဖြင့် မိုးလေဝသ တိုင်းတာရေးဆိုင်ရာ အာရုံခံကိရိယာများ၊ အဆောက်အဦအတွင်းနေရာများအတွင်း မြှုပ်နှံထားသော အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အာရုံခံကိရိယာများ မြောက်မြားစွာ အသုံးပြုလာမည်ဖြစ်ပါသည်-

(က) လေသန့်စင်မှုနှင့် လေထုညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာများ။

(ခ) ပြင်ပမှထုတ်လုပ်သော အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ငွေ့အတွက် ကာကွယ်ရေးဆိုင်ရာများ။

(ဂ) သဘာဝနှင့်စွမ်းအားပေးအလင်းရောင်မျှတစွာ ထိန်းညှိနိုင်ရေးဆိုင်ရာများ။

(ဃ) အပူချိန်နှင့် စိုထိုင်းစ တိုင်းတာရေးဆိုင်ရာများ။

(င) အသံပိုင်းဆိုင်ရာများနှင့် လူဝင်/လူထွက် စစ်ဆေးမှုများ။

**ကောင်းမွန်သော ကြိုးမဲ့စနစ်များ အသုံးပြုလာ**

အနာဂတ်မြို့ပြများတွင် ဖြစ်ထွန်းလာမည့် နည်းစနစ်များအနေဖြင့် 5G ကွန်ရက်နှင့် အင်တာနက်သုံးစွဲမှု (IOT) များ ပေါင်းစပ်အာရုံပြုလာမည့် စနစ်အဖြစ် မြင်တွေ့လာကြရမည်ဖြစ်ရာ လိုအပ်သောအချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အတွက် လိုအပ်သောနည်းပညာများ ကြိုတင်မှန်းဆဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် IOT နှင့် 5G ကြိုးမဲ့ကွန်ရက်များအတွက် ရေဒီယိုလှိုင်းနှုန်းဘောင်များ ထွက်ပေါ်လာမည်ဖြစ်ရာ ကောင်းမွန်ပြည့်စုံသော ကြိုးမဲ့စနစ်များ အသုံးပြုရန် လိုအပ်လာမည်ဖြစ်ပါသည်။

နိုင်ငံတကာတွင် အသုံးပြုလာနေသော နည်းပညာအသစ်အဆန်းများအတွက် ပြည်တွင်းရှိ ပညာရှင်များအနေဖြင့် ကြုံတွေ့လာရမည့် နည်းပညာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့် သက်ဆိုင်သော အနာဂတ် ဒီမိုကရေစီ
**၀၉:၁၀** NRC အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘော အက်ဆေး**' (အပိုင်း-၁၉)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံးစမ်းဖော်ထုတ်**' (အပိုင်း-၁၄)
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၅** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** (၁၈) ဖြာမင်္ဂလာ '**ပုတ္တဒါရသသံဂဟော**' (သားမယားကိုလုပ်ကျွေးခြင်း)
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ '**ကျွန်တော်ချစ်သောဇိန်းဗများ**' (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပြည့်စုံခြင်းအိပ်မက်**' (အပိုင်း-၂၇)

**mitv**

**07:01** Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:09** Secret Recipes by Gourmet Chefs (India)
**07:38** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**07:49** Welcome to the Southern most part of myanmar
**08:01** Sons of the Lake
**08:23** Myanmar Masterclass: 3D
**08:32** Myanmar Perspective (Current Situation in Myanmar)
**09:01** News
**09:26** Water Hyacinth and Rattan Products
**09:41** Paper Flower
**09:47** Simple Living With High Spirit
**10:02** Tea

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မြောင်းမြမုန့်ဟင်းခါး
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နွေးထွေးသည့်လုပ်ငန်းခွင်ရှာသို့ အလည်တစ်ခေါက် (အပိုင်း-၁)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
မြားတံပြုလုပ်ခြင်းနှင့်အထားအသို
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
လာရောက်အပန်းဖြေပါနော်အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နေပြည်တော်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ (အပိုင်း-၁)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မှိုရဲ့ကောင်းကျိုး၊ ဆိုးကျိုး
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကြက်သားဆန်လှော်ချက်ကြမယ်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အပန်းဖြေစရာဘုရားဖြူကြာတန်သို့အရောက် လုပ်ခဲ့ပါ
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ASEAN Information Exchange Initiative 2022 " (Part- 3)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သတင်းသမားပြောတဲ့ သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အဝယ်မလောနဲ့**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း
**၀၇:၁၀** ပိုးစာစိုက်တဲ့မြေ၊ ပိုးထည်ဝတ်တဲ့ပြည်
**၀၇:၅၀** အောင်မြင်ရေးဆီသို့ရှေးရှုကြယ်ပဲသီးနှံ အသုံးပြု
**၀၉:၀၀** စာသင်ခန်းမှသည်လယ်တောဆီ
**၀၉:၁၅** ကောင်းကျိုးဝေဖြာ ပေါင်းစည်းလယ်ယာ
**၀၉:၄၀** မှိုမွေးမြူစိုက်ပျိုး မိသားစုဝင်ငွေတိုး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်သည်။ **မိုး/ဇလ**

# ကျောက်ပန်းတောင်းမြို့နယ် ခင်မွန်ကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ခင်မွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးနှင့် အချိန်မီပြီးစီးစေရေး မှာကြားသည်။

သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆောင်ရွက်ရာတွင် အလျား ၃၇၅ ပေ၊ အနံ ပေ ၂၀၀၊ အနက် ၅ ပေ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၄၉ ဒသမ ၄၉၃ သန်းဖြင့် ဇွန် ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **ကိုပြည့်(ကျေးလက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၇-၂၀၂၂

**ရွှေ**

၅-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၇၅ ကျပ် | ၂၄၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၀၅ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၀ ကျပ် | ၂၂၃၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၉၂ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၂၈၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၈ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၈ . ၁၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၂၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၁ | ၇၆၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၈၆၂ | ၂၂၈၄၃၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅၃ | ၃၈၆၉၀၀ |
| FPB | ၁၈၀၀၀ | ၁၇၅၀၀ | ၂ | ၃၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၅၀၀ | ၃၅၀ | ၈၈၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇ | ၃၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# “သီချင်းဒိုင်ယာရီ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော် အဆိုတော်ကြီးမြန်မာပြည်သိန်းတန်ရဲ့ “သီချင်းဒိုင်ယာရီ” တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၈ ရက်၊




သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ် တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၁၀ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ နေဗီယာမြက်စိုက်ပျိုးခြင်းအသိပညာပေး

**ပျော်ဘွယ် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်ဖြင့် နေဗီယာမြက်စိုက်ပျိုးခြင်း အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြစိုက်ပျိုးခြင်းကို ဇူလိုင် ၆ ရက်က ရွှေညောင်ဖူး ကျေးရွာ၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင် တက်ရောက်အားပေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ခိုင်က နေဗီယာမြက်စိုက်ပျိုးရခြင်း အကျိုးကျေးဇူးကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရွှေညောင်ဖူးကျေးရွာ တောင်သူ ဦးတင်အောင်၏ ယာမြေ ၁ ဒသမ ၇၅ ဧကတွင် ဇွန်လက စိုက်ပျိုးခဲ့သည့် နေဗီယာမြက် စိုက်ခင်းအတွင်း တက်ရောက်လာသည့် တောင်သူများကို လေ့လာကြည့်ရှုစေပြီး သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**စန်းစန်း(ပျော်ဘွယ်)**

# မိတ္ထီလာမြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၆ ရက်က ကွက်ငယ်



ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၆၂)၊ ကြာကန်အရှေ့ကွင်းရှိ တောင်သူသုံးဦး၏ ချည်မျှင်ရှည်ဝါ စိုက်ခင်းများ၌ ကျင်းပသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းအေး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များနှင့် ဝါစိုက်တောင်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲတွင် ကောင်း၊ သင့်၊ ညံ့ အမျိုးအစား သုံးမျိုးခွဲ၍ ရိတ်သိမ်းရာ ဦးပိုင်အမှတ် (၄၄/၁) တောင်သူ ဦးသန်းဌေး၏ ကောင်း ကိုယ်စားပြုစံကွက်မှ တစ်ဧေ အထွက်နှုန်း ၄၈၁ ဒသမ ၆၆ ပိဿာ၊ ဦးပိုင်အမှတ် (၉၃) တောင်သူ ဦးဆန်းဝင်း၏ သင့် ကိုယ်စားပြုစံကွက်မှ တစ်ဧေ အထွက်နှုန်း ၃၃၀ ဒသမ ၇၃ ပိဿာနှင့် ဦးပိုင်အမှတ်(၉၂) တောင်သူ ဦးဇော်မောင်၏ ညံ့ ကိုယ်စားပြုစံကွက်မှ တစ်ဧေအထွက်နှုန်း ၁၈၃ ဒသမ ၆၄ ပိဿာ အသီးသီး ထွက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အခမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားနှင့် အခမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ မဝေဝေလွင် (ခ) အကြီးမက တစ်မြို့နယ်တည်းနေ မ --- (၃၉ နှစ်)အား တရုတ်နိုင်ငံရှိ စားသောက်ဆိုင်တွင် ပန်းကန်ဆေးသည့် အလုပ်လုပ်ကိုင်ပါက တစ်ရက် ယွမ် ၅၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ တရုတ်အမျိုးသားနှင့် အခမ္မလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း(ပ) ၁၄၃/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မဝေဝေလွင် (ခ) အကြီးမအား ဇွန် ၃၀ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၂၂ လက်မ၊ ကျောက်ဖြူမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီ၊ ဂွမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကြံခင်းမြို့တွင် ၂ ဒသမ ၁၀ လက်မ၊ မိုးမိတ်မြို့နှင့် ဓနုဖြူမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ မင်းကင်းမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ မုဒုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီ၊ ဘားအံမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ် သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် စိုင်းဆိုင်ရွက်ဖူး မောင်းနှင်ပြီး စိုင်းဝင်းရှိန် လိုက်ပါလာသည့် CROWN မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း၊ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းခမ်းထောင်းကို အဆိုပါနေရာအနီးတွင် Crown မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီတွင်



စိုင်းဆိုင်ရွက်ဖူး၊ စိုင်းဝင်းရှိန်နှင့် စိုင်းခမ်းထောင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ပစ္စတိုသေနတ် တစ်လက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



စိုင်းဆိုင်ဝမ်းလျန်း နှင့် စိုင်းဟန်ခေးစက်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာနေ စိုင်းနောင့်၏နေအိမ်အားရှာဖွေရာ စိုင်းနောင့်မှာ တိမ်းရှောင်လျက်ရှိပြီး စိုင်းဆိုင်ဝမ်းလျန်းနှင့် စိုင်းဟန်ခေးစက်တို့ နှစ်ဦးကို အိုက်စ် (မက်သ်အဖက်တမင်း) ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၊ Ecstasy-အက်တက်စီ (ခေါင်းခါဆေး) ၁၇၀၊ အမှုန့် ၈၀ ဂရမ်၊ Ketamine-ကက်တမင်းအမှုန့် ၃၀ ဂရမ်၊ Happy Water (စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်) ၁၂၀ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁၅ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၆ ကီလို၊ Ecstasy-အက်တက်စီ (ခေါင်းခါဆေး) ၁၇၀၊ အမှုန့် ၈၀ ဂရမ်၊ Ketamine-ကက်တမင်းအမှုန့် ၃၀ ဂရမ်၊ Happy Water(စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်) ၁၂၀ ဂရမ်၊ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 25(T)/DPTSC(PSD)/22-23 | ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Main Transformerများဝယ်ယူရန် |
| ခ | 26(T)/DPTSC(PSD)/22-23 | 245KV SW Chgear & Accessories များ ဝယ်ယူရန် |
| ဂ | 27(T)/DPTSC(Civil)22-23 | Regional Control Certre(RCC)(၈၀'x၆၀') (၃)ထပ်တွင် Fire Fighting System, Security System & Server Room Electrical Supply System ထည့်သွင်းတပ်ဆင် တည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၅-၈-၂၀၂၂) ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့ အတွက် ဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးခွံများ၊ စက်နှင့်စက်အရန်ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းများမှ သက်ဆိုင်ရာစက်ရုံများသို့ ပို့ဆောင်ရန် ကုန်သေတ္တာတင်ယာဉ်ငှားရမ်းခအိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၇-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၇-၂၀၂၂ရက်(၁၆:၀၀)နာရီ
၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၈၂၇၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/6779 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/8766, Honda PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရှိန်းအောင် ၆/ရဖန(နိုင်)၀၇၃၉၆၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3J/4824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/3057, MAZDA DEMIO DE3FSI HATCH BACK(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးထက်ထက်အောင် ၆/ကသန(နိုင်)၀၇၇၂၅၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၅၀၇၁၈ ဟွန်ဒါဝေ့ 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီးရွှေ ၆/လလန(နိုင်)၀၀၉၀၉၅က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၇၄၆၄ ဟွန်ဒါဝေ့ 100M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းချို ၆/လလန(နိုင်)၀၁၃၉၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြေးခံဘော်ကျေးရွာအုပ်စု၊ ဆိတ်ဖြူးကျေးရွာနေ စောပါဝါး၏သမီး နော်ဘလယ်စင်ထူးနှင့် နော်ဘယ်စင်ထူး ၆/ထဝန(နိုင်)၁၅၇၉၉၇မှာတစ်ဦးတည်းဖြစ်ပါကြောင်း။
**နော်ဘလယ်စင်ထူး(ခ)နော်ဘယ်စင်ထူး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ဆွေ ၈/မကန(နိုင်) ၀၀၇၃၅၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ခါတော်မှို(၁)လမ်း၊ မြေကွက်အမှတ်(၄၉၄)၊ ဧရိယာ(၄၀'x၆၀')ရှိသည့် ဒေါ်တင်တင်ထွေး(၉/မနမ(နိုင်)၁၃၁၅၇၇)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်တင်တင်ထွေး** (၉/မနမ(နိုင်)၀၁၃၁၅၇၇)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထား ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။
(လွှဲအပ်ညွှန်ကြားချက်အရ)

**ဒေါ်ထက်ထက်ပိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၆/၂၀၁၄)
အမှတ်(၂၅၅)၊ မင်းရဲကျော်စွာ(၂)လယ်း(က)၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၉၈၄၁၈၊ ၀၉-၂၆၂၃၇၇၇၅၁၊ ၀၉-၄၅၂၃၀၆၁၇၃

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်/မ အုပ်စုအပိုင်း အကွက်အမှတ်(၄၄)၊ တလိုင်းမအကွက်၊ ဦးပိုင် အမှတ် ၆(က)၊ မြေချိန်ဧရိယာ(၀ဒသမ၁၆၆)ဧကရှိ မြေကွက်ကြီးထဲမှ အလျား ၇၈ပေ x အနံ ၄၀ပေ မြေကွက်နှင့် မြေပေါ်ရှိ သွပ်မိုး တိုက်ခံနှစ်ထပ်တိုက်နေအိမ်အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်သန်းပို ၆/ထဝန (နိုင်)၀၂၈၂၂၀ထံမှ ကျွန်တော်၏မိတ်ဆွေ ဒေါ်မာမာသက် ၆/လလန(နိုင်)၀၉၂၀၃၀၊ ဒေါ်သိန်းသိန်းဆက် ၆/လလန(နိုင်)၁၁၈၄၆၆၊ ဦးချမ်းမြေ့သူ ၆/လလန(နိုင်)၁၃၆၄၇၈ တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းကြားစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်လတ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၈၃)**
**သောကြာပြင်ရွာ၊ လောင်းလုံးမြို့နယ်၊**
**ဖုန်း-၀၉-၄၂၂၂၁၀၀၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ၀ဒသမ၀၈၂၈ဧက၊ မြေကွက်အမှတ် (ပ-၂၀၂)၊ ဦးကြည်မောင် (ဘ)ဦးကျော်ရှိန် ၉/ပဗသ(နိုင်)၀၁၄၅၂၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးကျော်ဆန်း (ဘ)ဦးတက်ထွန်း ၈/တတက(နိုင်)၀၂၆၄၇၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ၊ ဝယ်သူ တရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ်(၁၈)၊ မြို့မ(၂)အုပ်စု၊ သောက်တော်တွင်းရပ်ကွက်၊ အကွက်အမှတ်(၇)၊ အကွက်အမည်-အညာစု၊ ဦးပိုင်အမှတ်-၁၄၆၊ မြေကွက်အမှတ်(၁၆၇)ဟုခေါ်တွင်သော အကျယ်အဝန်း ၀ဒသမ၁၈ ဧကရှိ ဦးလင်းကြည်ပါ(၂) အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေအမျိုးအစားမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **(စဉ်-၂၅၁၆၅)** | **(စဉ်-၂၆၁၉၉)** | **(စဉ်-၄၆၃၂၈)** |

**အထက်တန်းရှေ့နေများ**
